


ပျောက်ဆုံးအချစ်
ကူးကျွန်းပင်လယ်
ထက်ဘုန်းရှိန်
SAMPLE BOOK
mgyoe.com





ထက်ဘုန်းမြင့်-ပျောက်ဆုံးအချစ်များ
လွင့်ပင်လယ်
INNWA BOOKS MICT SYM040
6500 KS

SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

စာရိပ်မြိုင်အမှတ်စဉ် (၄၉)

## ပုံနှိပ်မှတ်တမ်း



# ထက်ဘုန်းရှိန်

## ပျောက်ဆုံးအချစ် ကူးလွှင့်ပင်လယ်

ထုတ်ဝေသည့်အကြိမ် ♦ ပထမအကြိမ်၊ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ

မျက်နှာဖုံးဒီဇိုင်း ♦ **Citamin**

အတွင်းဒီဇိုင်း ♦ နိုင်ဇင်ထွန်း

ထုတ်ဝေသည့်အုပ်ရေ ♦ ၇၀၀

စာအုပ်တန်ဖိုး ♦ ၆၅၀၀ ကျပ်

ထုတ်ဝေသူ ♦ ဦးပြည့်အာကာ(၀၃၀၉၄-စာရိပ်မြိုင်စာပေ)
အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်းမကြီး၊
ဗိုလ်ချုပ်လမ်းနဲ့ အနော်ရထာကြား၊ ကျောက်တံတားမြို့နယ်။

ပုံနှိပ်သူ ♦ ဒေါ်မျိုးမျိုးသန့်(မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (၀၁၅၃၃)
အမှတ် ၁၁၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး ♦ ကိုလတ်စာပေ
အမှတ် ၂၀၀၊ ၃၁ လမ်းအထက်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၀၂၀၀၆၈၊ ၀၉ ၈၈၅၀၂၀၀၆၈၊ ၀၉ ၂၆၅၀၂၀၀၆၈

ထက်ဘုန်းရှိန်
ပျောက်ဆုံးအချစ် ကူးလွှင့်ပင်လယ် / ထက်ဘုန်းရှိန်။ ရန်ကုန်
စာရိပ်မြိုင်စာပေ၊ ၂၀၂၃။
စာမျက်နှာ - ၁၆၀၊ ၁၃. ၉၇ စင်တီ × ၂၀. ၃၂ စင်တီ
(၄၉) ပျောက်ဆုံးအချစ် ကူးလွှင့်ပင်လယ်

mgyoe.com

mgyoe.com SAMPLE BOOK

## စာရိပ်မြိုင်စာပေမှ ထွက်ရှိပြီးသော စာအုပ်များ

| စဉ် | စာရေးဆရာအမည် | စာအုပ်အမည် |
|---|---|---|
| ၁။ | ပျိုး | အညာရယ် အလွမ်းရယ် မိချောရယ် |
| ၂။ | မယ်စု | အချစ်ဦးရဲ့ ဂျင်းဂျက်ကတ်လေး |
| ၃။ | နိုင်းနိုင်းစနေ | နောက်ဆုံးနတ်သူငယ် |
| ၄။ | လင်းရောင်နီစသော | ရိုးရာနှင့်အညာစလေ့ဝတ္ထုတိုများ |
| ၅။ | တင်မောင်မြင့် | အချစ်ရိုင်းရဲ့ အရိုင်းချစ် |
| ၆။ | မိုင်ရာ | တစ္ဆေညရဲ့ သန်းခေါင်ယံ |
| ၇။ | မိုးစက်ငြိမ်း | စိတ်အတွက် ဖတ်စာ |
| ၈။ | လူခါး | ဦးအောင်သင်းကို မော့ကြည့်ခြင်း |
| ၉။ | နိုင်းနိုင်းစနေ | တစ်သက်တာအဖော် |
| ၁၀။ | ခင်သန္တာ | မလွန်ခင်လေး လွမ်းရအောင် |
| ၁၁။ | ဆွေဇင်နေမင်း | ခေါင်မိုးများ |
| ၁၂။ | ဝါဝါတင့်ဆွေ | အက်ဒ်ဒီ |
| ၁၃။ | နေထွန်းလင်း | ငါ့ဘဝအတွက် ငါ လုပ်နိုင်တယ် |
| ၁၄။ | ခင်မြဇင် | ဆည်းဆာချိန် တိမ်နီများ |
| ၁၅။ | စူးရှမေ | ခွင့်လွှတ်ခြင်းဖြင့် လွတ်မြောက်ခြင်း |
| ၁၆။ | နဒီလင်းသစ်အေး-၂ | အိမ်ထောင်သူခ |
| ၁၇။ | ရွှေဥဒေါင်း | ပထမ ဆရာသိန်း |
| ၁၈။ | နိုင်းနိုင်းစနေ | နလုံးသားနက်နက်မှာ ပွင့်တဲ့ ပန်း |
| ၁၉။ | ကိုလေးမြတ် | ကားဂိတ် |
| ၂၀။ | လင်းရောင်နီစသော | ခေါင်းမြီး |
| ၂၁။ | ရွှေဥဒေါင်း | စစ်ရှုံးသူ |
| ၂၂။ | နိုင်းနိုင်းစနေ | နေကြာပန်းလေးတစ်ပွင့်လို ပြုံးပါ |
| ၂၃။ | ညီလေးငယ် | အဝါရောင်ကောင်းကင် |
| ၂၄။ | ပျိုး | ဖယောင်း ဥယျာဉ် |
| ၂၅။ | သက်ဝိုင်းမြန်မာပြန် | သမီးရတနာ |

mgyoe.com

mgyoe.com SAMPLE BOOK

## စာရိပ်မြိုင်စာပေမှ ထွက်ရှိပြီးသော စာအုပ်များ

| စဉ် | စာရေးဆရာအမည် | စာအုပ်အမည် |
|---|---|---|
| ၂၆။ | နိုင်းနိုင်းစနေ | ပျော်ရွှင်ဖို့ ဒီလောက် မခက်ခဲပါစေနဲ့ |
| ၂၇။ | ထက်ဘုန်းရှိန် | မင်းရဲ့ ကိုယ်ပိုင်ပုံစံလေးအတိုင်းသာ |
| ၂၈။ | နိုင်းနိုင်းစနေ | မသွားရရင် သေနိုင်တယ် |
| ၂၉။ | ဒေါက်တာအောင်ဆေး-၂ | အတွေးတို့၏ ဆွဲငင်အား |
| ၃၀။ | သစ်ခက်ဒိပ် | ဘာညာကွိကွ |
| ၃၁။ | ဝေစီးမွှားရေတက္ကသိုလ်၊ | ဆူးဖယ်လက် |
| ၃၂။ | ညိုထွန်းလူ | ငါတို့ ရှာပြန်ကြရအောင် |
| ၃၃။ | လင်းရောင်နီဝေဘာ၊ | ရှေ့လွန်းပျံ ဘယ်ညာခတ်ပါလို့ |
| ၃၄။ | စိုးဘားဖိုင် | မျက်ကွယ်မြစ် |
| ၃၅။ | ရွှေဥဒေါင်း | ရုပ်နန်း ရုပကလျာထီ |
| ၃၆။ | နိုင်းနိုင်းစနေ | ကံကောင်းခြင်း တံခါးလာခေါက်တဲ့အခါ |
| ၃၇။ | ထက်ဘုန်းရှိန် | အချစ်မြစ်ပြင်က မေတ္တာရေကြည်လေးတွေ |
| ၃၈။ | နိုင်းနိုင်းစနေ | ကျွန်တော် ဂျက်ကီချန်း |
| ၃၉။ | ပျိုး | လွမ်းနေဦးမည့် ငွေတောင်ပြည် |
| ၄၀။ | သက်ပိုင် | နွမ်းလျှငက်ငယ် |
| ၄၁။ | အေထူးအောင်အဖွဲ့၏ | တစ်ခါက ပင်လယ် |
| ၄၂။ | ခဲတံ | စိတ်ခံစားမှုများကို ကုစားခြင်း |
| ၄၃။ | ခွန်ညိုသွေး | နကွတ်ကြေ ပျိုးခင်း |
| ၄၄။ | ထက်ဘုန်းရှိန် | ဘဝသမုဒ္ဒရာထဲက အစာအာဟာရ |
| ၄၅။ | လင်းသစ် | နကွတ်များတဲ့ ချစ်ခြင်း |
| ၄၆။ | ဂျူလိုင်ကျော်မင်း | တောင်ဇလပ်နီရောင် တိမ်တိုက်တွေ |
| ၄၇။ | နိုင်းနိုင်းစနေ | ကျွန်တော်တို့ ကလေးဆိုး မဟုတ်ပါ |
| ၄၈။ | စုမြတ်ချစ် | အဆိပ်သင့် နလုံးသား |



mgyoe.com

mgyoe.com SAMPLE BOOK

# ရွှေ့ပြေးစကား

၁။

ငယ်စဉ်က နယ်မြို့တစ်မြို့မှာ နေခဲ့တယ်။ မြို့ကို တောင်ပတ်လည်ရံထားတဲ့အပြင် ဧရာဝတီမြစ်ကလဲ မြို့ကို ကွေ့ပတ်စီးဆင်းနေသလို တောင်တွေပေါ်က ကြည့်လိုက်ရင် တစ်ဖက်က မဲဇာချောင်း (ယခင်က မဲဇာမြစ်) ကိုလဲ ရေတိုးချိန်ဆို မြင်မြင်ရတယ်။ နေခဲ့တဲ့ နေရာက မြို့အလယ်ဘက် ကျတယ် ဆိုပေမဲ့ မြို့ပြင် တောင်တန်းတွေကနေ ဆက်လာတဲ့ တောင်စွယ်တစ်ခုက အိမ်နောက်ဘက်ထိ ထိုးဝင်နေတဲ့ အနေအထားမျိုး ဖြစ်နေတာ။ ပြောရရင် မြို့လယ်နဲ့ မတူဘဲ တောတန်းနားမှာ နေနေရတာနဲ့ တူပါတယ်။

အထူးသဖြင့် မိုးစက်တွေ သက်ဆင်းချိန်မှာ အိမ်ဝန်းကျင်ကို တော်တော်လေး သဘောကျခဲ့ရတာပေါ့။ အိမ်ရှေ့ရေမြောင်းထဲ မိုးရေတွေ ပြေးဆင်းလာပြီဆိုရင် အိမ်နားက ရွယ်တူရွယ်ငယ်ရွယ်ကြီးပေါက်စတွေနဲ့အတူ စက္ကူလှေတွေ လွှတ်ရတာ မမောတမ်းပဲ။ တစ်စီး စိုလို့ စုတ်သွားရင် နောက်တစ်စီးလုပ်ပြီး ထပ်မျှောတာပဲ။ သူ့လှေကိုယ့်လှေနဲ့ ဆူညံနေရတဲ့ အချိန်လေးတွေပေါ့။ အိမ်အနောက်နဲ့ ကပ်ရပ်မှာလဲ တောင်ကျရေတွေ စီးရင်ပဲဖြစ်ဖြစ်၊ မိုးရွာပြီးရင်ပဲဖြစ်ဖြစ် စိမ့်ရေထွက်တဲ့ နေရာတစ်ခု ရှိခဲ့တာတောင် ခုထိ မမေ့သေးဘူး။ အဲဒီနေရာကလဲ လှေလွှတ်ဆော့ကစားရတဲ့ နေရာတစ်ခုပဲ။

mgyoe.com

mgyoe.com SAMPLE BOOK

ရေစီးကြောင်းတွေ၊ စက္ကူလှေတွေနဲ့အတူ ရှိခဲ့တဲ့ အမှတ်တရတွေက မှတ်ဉာဏ်မှာ မပြယ်လွင့်စရာတွေ ဖြစ်ခဲ့ပုံထင်ပါရဲ့။

❑

၂။

တောင်တန်းတွေ၊ ပင်လယ်တွေနဲ့ သဘာဝတရားကို ရှိုက်ရှိုက်မက်မက် လိုလားတွယ်တာမိကြောင်း စပြီး သတိပြုမိခဲ့တာကို မှတ်မိပါသေးတယ်။ အလယ်တန်းနဲ့ အထက်တန်းမှာ ဒီဖြစ်တည်မှုတွေကို မေ့ပျောက်နေမိလောက်အောင် နေထိုင်ရတဲ့ ပုံစံပြောင်းသွားခဲ့တော့ တက္ကသိုလ်ဝင်တန်းအပြီးမှာ စပြီး ထိတွေ့ခဲ့ရတဲ့ ပစိဖိတ်သမုဒ္ဒရာရဲ့ ပြာလွင်လွင်ရေပြင်၊ ရင်းနှီးသူအချို့နဲ့အတူ တက်ခဲ့တဲ့ ပြာလဲ့လဲ့ တောင်တန်းတွေရဲ့ အငွေ့အသက်ရနံ့၊ အိမ်နောက်ဘက် တောင်ပေါ်ကနေ ကြည့်ဖြစ်ခဲ့တဲ့ ပန်းရောင်ပုတ်ပုတ် ညနေဆည်းဆာ. . . ဒါတွေက သဘာဝတရားနဲ့ ပြတ်တောက်နေခဲ့တဲ့ ဆက်နွယ်မှုကို ပြန်ပြီး ကြိုးမျှင်ဆက်ပေးလိုက်သလိုပဲ။

အဲဒါတွေနောက်မှာ အချိန်ရရင် ရသလို နယ်မြို့က အိမ်ဆီ အမြဲ ပြန်ဖြစ်ခဲ့တယ်။ နေပူတဲ့ရက်ဆိုရင် သီချင်းနားထောင်စရာရယ်၊ စာအုပ်တစ်အုပ်ရယ်နဲ့ တောင်ပေါ် တက်သွားဖြစ်ခဲ့တယ်။ မိုးရွာပြီဆိုရင် ခမောက်ဝိုင်းပြားကြီးကို ဆောင်းပြီး အိမ်နောက်က တောင်ကို နှံ့နေအောင် သွား၊ ရေစာတ်နဲ့ တို့ထိတဲ့ သစ်ပင်တွေ၊ အပင်ငယ်တွေရဲ့ ပုံရိပ်ကို လိုက်ဖမ်းဖြစ်ခဲ့တယ်။ ညနေခင်းတွေမှာ တောင်ပေါ် တက်ပြီးပဲဖြစ်ဖြစ်၊ မြို့ပတ်လမ်းကို ထွက်ပြီးပဲဖြစ်ဖြစ်၊ မြစ်ကူးတံတားပေါ်ကပဲ ဖြစ်ဖြစ် တိမ်တွေ အရောင်ပြောင်းသွားတာ၊ နေလုံး နီနီ၊ ဝါဝါက တောင်တွေနောက် တိုးကွယ်သွားတာ၊ မြစ်ပြင်ထဲ ငုပ်လျှိုးသွားတာကို စိတ်လိုလက်ရ ငေးမောဖြစ်ခဲ့တယ်။

ဒါတွေဟာ ဘယ်နှကြိမ်ပဲ ကြုံရကြုံရ၊ သွားရသွားရ ငြီးငွေ့စရာ ဖြစ်မသွားတဲ့ လောကလက်ဆောင်တွေပဲ ဆိုတဲ့အတွေးက နှလုံးသားရဲ့ အနက်ဆုံးထိ အမြစ်တွယ်နေခဲ့တော့တယ်။

စိတ်ပင်ပန်းစရာတွေ ကြုံလာရင် ဒီသစ်ပင်တွေ၊ ဒီတောင်တန်းတွေ၊ ဒီတိမ်တွေနဲ့ ဒီဆည်းဆာတွေက ကုစားခြင်းဆေးတစ်လက် ဖြစ်ပေးခဲ့တာ အမှန်ပါ။

❑

၃။

အသိပညာမျှဝေဖြန့်ဝေရင်း သင်ယူသူနဲ့ သင်ကြားသူကြား အမြင်အယူ

mgyoe.com

mgyoe.com SAMPLE BOOK

အဆ ဖလှယ်ဖြစ်ခဲ့ရာက ဇာတ်လမ်းအစုံစုံကို အကြားနဲ့တစ်လှည့်၊ အမြင်နဲ့တစ်ဖုံ ကြားခဲ့မြင်ခဲ့သိခဲ့ရတာတွေ ရှိပါတယ်။ ဖလှယ်ကြသူတွေထဲမှာ သဘာဝတရားနဲ့ နီးစပ်သူတွေ၊ မနီးစပ်သူတွေ၊ သဘာဝတရားကို သတိထားမိသူတွေ၊ သတိမထားမိသူတွေ၊ သဘာဝတရားနဲ့ ကုစားဖူးသူတွေ၊ အာနိသင် မသိသေးသူတွေ စသဖြင့် အမျိုးမျိုး ရှိကြတယ်။ ဒါပေမဲ့ သူတို့အားလုံးရဲ့ တူညီချက်က အားလုံးဟာ ဒီခရီးမှာ လိုလိုလားလားပဲဖြစ်ဖြစ်၊ မလိုလားဘဲပဲဖြစ်ဖြစ် ရှင်သန်နေကြသူတွေ ချည်းဆိုတာပါပဲ။ ရှင်သန်ခြင်းဆီ ရောက်လာရင် အချိန်ကာလတစ်လျှောက် ဒီရှင်သန်မှုနဲ့ မထိတွေ့ဘဲ နေလို့ မရ၊ ကင်းကွာပြီး တည်ရှိလို့ မရကြောင်း အစက မသိခဲ့ရင်တောင် ကြာလာလေလေ ပိုပြီး မြင်လာမိလေလေလို့ ပင့်သက်ရှိုက်တစ်လှည့် ပြောတစ်လှည့်။

ဒီအဖြစ်အပျက်တွေကို ဖန်တီးရခြင်းရဲ့ နောက်ခံအကြောင်းတရားတွေဟာ အမျိုးသမီးတစ်ဦး စကားပွင့်အံလာခြင်းက စတင်ခဲ့တယ်။ ဘာသာစကားတစ်ခုမှာ လူတွေ ပြောဆိုသုံးစွဲကြတဲ့ ဝေါဟာရတွေ အလျှံအပယ် ရှိပေမဲ့ လူတိုင်းအတွက် အပြောများပြီး တန်ဖိုးထားရတဲ့ ဝေါဟာရအချို့ဟာ သူ့အတွက်တော့ သူ့ဘာသာစကား အဘိဓာန်ကနေ ပျက်ပစ်ဖျောက်ပစ်ချင်လောက်တဲ့အထိ ခံစားချက် ပြင်းပြခဲ့ရချိန်တွေ တရစပ်ကြုံခဲ့ရတယ်လို့ အဆိုပါအမျိုးသမီးက ပြောတော့ လူအများ လက်ခံထားတဲ့ သဘောတရားနဲ့ စကားအမြင်အချို့ကို မေးခွန်းထုတ်ရမလိုလို ဖြစ်လာခဲ့ရတယ်။ သူပဲလား. . . ။ မဟုတ်ခဲ့။ သူ့လိုမျိုး အမျိုးသမီးတွေ အများကြီး ရှိနေရုံတင်မက အမျိုးသားတွေ၊ သက်ကြီးသူတွေ၊ မြီးကောင်ပေါက်တွေ၊ ကလေး ငယ်တွေ ဒုနဲ့ဒေးကိုလဲ ကြားရမြင်ရသိရတာတွေ ရှိခဲ့ပြန်တယ်။ လူပေါင်းသန်း ထောင်ချီ ရှိနေတဲ့အထဲမှာမှ ခြွင်းချက်တွေဟာ အတော်များများကြီး ရှိနေခဲ့တာပါ။

သူတို့ကို စက္ကူလှေနဲ့ ဆော့ခဲ့ဖူးလား မေးကြည့်တော့ ဆော့ဖူးကြသတဲ့။ ပြောနေတဲ့ စကားဝိုင်းမှာ စက္ကူလှေတွေ ပေါ်လာတယ်။ အားလုံးတစ်ယောက် စက္ကူလှေတစ်စီးစီ စီးပြီး အချင်းချင်းကို နှုတ်ဆက်ထွက်ခွာသွားခဲ့ကြတယ်။

ဆိပ်ကမ်းမှာ ကျန်ခဲ့ရင်း သူတို့ကို ကြည့်မိတော့ အတွေးအကြံတွေ၊ အတွေ့အကြုံတွေ များခဲ့ပါပကောလို့ ချင့်ဆမိခဲ့တယ်။

❑

mgyoe.com

mgyoe.com SAMPLE BOOK

၄။

ရှင်သန်ရာ အနန္တဆီမှာ ဘယ်ဝေါဟာရဟာ အနက်နဲဆုံး ဖြစ်မလဲ. . .။

နေထိုင်ရာ အသင်္ချေမှာ ဘယ်တရားဟာ အရေးပါဆုံး ဖြစ်မလဲ. . .။

ခံစားရာ စကြဝဠာမှာ ဘယ်ဖြစ်တည်မှုဟာ သက်ရောက်အားအပြင်းဆုံး ဖြစ်မလဲ. . .။

လူတွေ သတ်မှတ်ထားတဲ့ ရှိခြင်းတရား၊ မရှိခြင်းတရားတွေဟာ အခြားသော ရှင်သန်ခြင်းတွေရဲ့ လောကမှာ အပေါ် အောက် ပြောင်းပြန်လှန်ထားသလို ဖြစ်နေမလား။

လူ့အသိုက်အဝန်းမှာ ညီမျှခြင်း ဆိုတဲ့ သင်္ကေတဟာ လူအများရဲ့ နှုတ်စကားအရ လိုလားတောင့်တမှု အများဆုံးလို့ ထင်ရပေမဲ့ တကယ့်လက်တွေ့ ရေးခြစ်ဖို့ ကြုံကြိုက်လာရတဲ့အခါ ညီမျှခြင်းတွေရဲ့ အရောင်ဟာ မှေးမှိန်လာပြီး လက္ခဏာ ကြီးခြင်း၊ ငယ်ခြင်းတွေရဲ့ အရိပ်က ပိုပြီး အားကောင်း တောက်ပလာတတ်တဲ့ ဘဝသာဓကတွေက လူသားတွေရဲ့ အနီးနားမှာ ထောင်ပုံရာပုံမက။ တောက်ပခြင်းနဲ့ ဖျော့တော့ခြင်းကို တကယ်တမ်း ရွေးချယ်ခိုင်းတဲ့အခါ ရွေးချယ်ခွင့် ဆိုတဲ့ စကားလုံး က အခွင့်ထူးခံခြင်းကို ပြဋ္ဌာန်းနေတာပဲပေါ့။ ကမ္ဘာမြေပေါ် မြေထဲ၊ လေထဲ၊ ရေထဲ၊ အာကာသထဲ၊ စကြဝဠာထဲ၊ လက်လှမ်းမမီရာထဲ နေထိုင်နေကြတဲ့ ရှင်သန်ခြင်းတိုင်းအတွက် ရွေးချယ်ခွင့် ဆိုတဲ့ ဝေါဟာရဟာ အမှန်တကယ် ဓမ္မဓိဋ္ဌာန် ကျကျ ရှိနေခဲ့ပါရဲ့လား။

ညီမျှခြင်းသင်္ကေတကို အက္ခရာထွင်းပြစေချင်တဲ့ သက်ရှိတရားတွေ ဘယ်လောက်များများ ရှိနေကြမလဲ. . .။

ရွေးချယ်ခွင့် ဆိုတဲ့ စကားလုံးနဲ့ စိမ်းသက်နေမဲ့ ဖြစ်တည်ခြင်းတွေ ဘယ်လောက်များများ ရှိနေကြမလဲ. . .။

❑

၅။

စက္ကူလှေ၊ တောင်တန်း၊ ရေပြင်၊ တိမ်ထု၊ ညီမျှခြင်း၊ ရွေးချယ်ခွင့်. . . ဒီစကားလုံးတွေက စိတ်တံခါးကို လာခေါက်ကြတယ်။

ကိုယ်တိုင်က မဖွင့်ပေးလိုက်ရဘဲ အားလုံး တိုးဝင်၊ တံခါးကို အလုံးစုံ ဖွင့်ချပြီး ဒီလူကိုပါ သူတို့နဲ့အတူ ပျောက်ဆုံးစေခဲ့တယ်၊ ချစ်စေခဲ့တယ်၊ ကူးလွင့်စေခဲ့တယ်၊ ပင်လယ်ဆီ ခေါ်သွားပြီးမှ မျှင်မျှင်သေးသေး ကြိုးလေးတစ်ချောင်းနဲ့

mgyoe.com

mgyoe.com SAMPLE BOOK

တွယ်ဆက်ပေးခဲ့တယ်။

စာမျက်နှာတွေပေါ်က စကားလုံးတွေ ခေါ်ဆောင်ရာကို ခြေဆန့်ကြည့်ရအောင်. . . ။

ထက်ဘုန်းရှိန်
ည ၂၃း၂၄ နာရီ
၅. ၉. ၂၀၂၃။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

သည်ညတော့ ကောင်းကင်ပြင်မှာ ကြယ်ပန်းမှိတ်တုတ်တွေ ပွင့်စွင့်နေတာကို မတွေ့ရ။ မိုးတိမ်တို့က နေရာယူထားသောကြောင့် ဖြစ်ဟန်တူသည်။ အိမ်ခေါင်မိုးထပ် လသာဆောင်တွင် သုံးရာသီပန်း ဟု အမည်ရသည့် morning flower ပင်များကို အုတ်နံ့ပြင်လေးဖက်လေးရံလုံးအပြည့် ကပ်လျက် စိုက်ထားသည်။ ပန်းတို့သည် ငုံနေကြဆဲ။ လရောင် ကင်း၍ ကြယ်တို့ရှင်းသော ညတွင် ပန်းတို့သည် အိပ်မောကျလျက်။

ဤဘက်က မြင်နေရသော မြင်ကွင်းတို့သည် မရှုပ်၍ မရှင်းသော ပုံရိပ်များပမာ။ မီးရောင်တို့ လင်းနေသော မြို့တွင်းကို မြို့အစွန်အဖျား ရပ်ကွက်ရှိ လေးထပ်အိမ်ဆောင်ကြီး၏ အမိုးပေါ်က မြင်ရသော မြင်ကွင်း။ သည်မြင်ကွင်းသည် ရှင်းနေနိုင်မည်လား။ တိတိပပ ရှင်းနေမည်မဟုတ်။ ရှုပ်နေနိုင်မည်လား။ ခပ်ရှုပ်ရှုပ်တော့ မဟုတ်။ လက်ဖြင့် ဆန့်တန်း၍ လက်ညှိုးညွှန်လိုက်သော နေရာသည် မြို့၏ ဘယ်အရပ်၊ ဘယ်စင်တာ၊ ဘယ်ရုံး ရှိသည့် နေရာဟု စိတ်က သိမှတ်ထားသည့်အတိုင်း မြင်ရသည်။ သို့သော် အားလုံးကို အလုံးစုံ သေသေချာချာ ထင်ထင်ရှားရှား မြင်နိုင်သည်မဟုတ်။ ကိုယ်တိုင် သွားလာလှုပ်ရှားနေရသော နေရာအရပ်များသည် ခပ်ရေးရေး ခပ်ဝါးဝါး သို့မဟုတ် ခပ်သေးသေးသာ မြင်နေရသော်လည်း သည်အချိန် ထိုနေရာတွင် ဘာရှိနေမည်၊ ဘယ်သူ ရှိနေနိုင်သည်၊

mgyoe.com

mgyoe.com　SAMPLE BOOK

ဘယ်အဖြစ်အပျက်တွေ ဖြစ်နေလိမ့်မည် မှန်းဆကြည့်နိုင်သည်။ မှန်းဆကြည့်ရုံနှင့် သိနေနိုင်သော အရာတွေ၊ အရပ်တွေ၊ ပြီးတော့ အချိန်တွေ၊ အတွေ့အကြုံတွေ။

မှန်းဆကြည့်ရုံနှင့်. . .။

မှန်းဆကြည့်ရုံနှင့်. . .။

မှန်းဆကြည့်ရုံနှင့်. . .။

သည်အမူအကျင့်ကို ခင် မည်သူ့ထံက အမွေဆက်ခံခဲ့ပါသနည်း။

မှန်းဆကြည့်တတ်ခြင်းသည် ခင့်ထံတွင် မည်သည့်အရွယ်ကတည်းက အမြစ်စတွယ်လာခဲ့ပါသနည်း။

သည်အမူအကျင့်သည် ဘိုးဘွားများထံက၊ မိဘများထံက သားသမီးများဆီ မျိုးရိုးဗီဇအရ လက်ဆင့် ကမ်းပါလာတတ်သည်လား။

ခင် လသာဆောင်တွင် ဂရင်းတီးတစ်ခွက် သောက်ရင်း မြင်ရသမျှ အရိပ်တို့ကို ကြည့်နေမိသည်။ ခင့်အတွက် ရုပ်အမြင်တွင် ထင်ဟပ်လာသမျှ အရာရာသည် အရိပ်ဟုသာ သတ်မှတ်စရာသာ။ သက်ရှိ၊ သက်မဲ့ မြင်မြင်နေရသမျှက ကိုယ်ပိုင်ပုံစံကို အမြင်လက်ခံသူ၏ အာရုံတွင် အရိပ်အဖြစ် လာရောက်ထင်ဟပ်နေကြသည်သာ။ ညနက်သည်အထိ ငြိမ်သက်မသွားတတ်သေးသော၊ ညဘက်များတွင်မှ တမင် အသက်ဝင်လာတတ်သော နေရာများနှင့် ပြည့်နေသည့် အရပ်သည် မြို့၏ မြောက်အရပ်။ ယခုလို ညအမှောင်ကြီးစိုးနေသည့် ရက်မျိုးတွင် ခေါင်မိုးထပ်ရှိ ဘက်လေးဘက် မီးဖြူများကို မှိတ်ထား၍ ကျောက်ပြားများတွင် အကွက်ဖော် ထည့်ထားသည့် မီးဝါမှိန်မှိန်လေးများကိုသာ ဖွင့်ထားပြီး ထိုအရပ်ကို ကြည့်နေတတ်မြဲအတိုင်း ခင် ကြည့်နေတတ်သည်။ သည်နေ့လည်း ခင်သည် ထိုအရပ်ဘက်သို့ မျက်နှာမူလျက်။

“မေမေ”

ခင် အသံလာရာဘက်သို့ လှည့်မကြည့်။ သည်အသံသည် ကျက်မှတ်ထားခြင်းမရှိဘဲ ခင် အလိုအလျောက် အလွတ်ရနေခဲ့သည့် အသံ။ သည်လိုအချိန်တွင် သည်နေရာ၌ ခင် ရှိနေလျှင် သည်အသံကို ရံခါ ကြားရတတ်မြဲ။ ကြားဖန်များသော်လည်း ကြားရတိုင်းတွင် ရင်တွင်းတစ်နေရာ၌ လှိုင်းတံပိုးတစ်ခုတည်း ထစေတတ်သော သည်အသံ။ တစ်စက္ကန့်သည် တစ်မိနစ်၏ အပုံခြောက်ဆယ်ပုံ တစ်ပုံမျှသာ။ သည်အသံသည် အလွန်ဆုံးရှိလှ နှစ်စက္ကန့်မျှသာ။ သို့သော် တိုတောင်းလှသော ဤစက္ကန့်ပိုင်းလေးသည် လူတစ်ယောက်၏ လွန်ခဲ့ပြီးသော ပုံရိပ်များကို

mgyoe.com

mgyoe.com SAMPLE BOOK

ဖျတ်ခနဲ လက်စေသည်။ စာမျက်နှာများပေါ် သို့ မှင်စက်များစွာ ကျစေသည်။ အသံလှိုင်းသည် နှိုးဆွတတ်သော အားအင်များနှင့် မှတ်ဉာဏ်တို့ကို တူးဖော်စေသည်။ ဖြစ်ပျက်ပြီး မြင်ကွင်းတို့ကို အတိတ်မြေပြင်ထဲမှ ဆုပ်ဆွစေသည်။ သည်အသံသည် ခင် ဟူသော ဖြစ်တည်မှုကို ကိုင်လှုပ်တတ်မြဲ တုန်ခါမှု တစ်ခု။

အသံရှင်သည် ခင့်နောက်မှနေ၍ ခါးကို ညင်သာစွာ တွယ်ဖက်လိုက်သည်။ ထို့နောက် ခင့်ညာဘက် ပခုံးပေါ် သို့ မေးကို ခပ်ဖွဖွ တင်လိုက်သည်။ ခေါင်းကို ခင့်ပါးပြင်နှင့် ထိလုထိချင် ကပ်စောင်းလိုက်သည်။ ထို့နောက် ပြန်ခွာလိုက်ပြီး သူ့နှုတ်ခမ်းလွှာတို့ကို ခင့်ပါးပြင်ဆီသို့ နွေးနွေးထွေးထွေး ထိတွေ့လိုက်သည်။ ပြီးတော့ သူ့မေးကို တင်မြဲအတိုင်း ပြန်တင်ထားလိုက်သည်။

"သား မအိပ်သေးဘူးလား"

အသံရှင်ထံက အဖြေမရ။ ခေါင်းအနည်းငယ်လှုပ်ရုံသာ။

"ခရီးပန်းလာတယ် မဟုတ်လား။ မနက်ဖြန် သား ခရီးနောက်တစ်ခု ဆက်ရဦးမယ်လေ။ နားရတဲ့ အချိန်လေး ကောင်းကောင်း နားမှပေါ့"

"အခု နားနေတာပဲ မေမေ"

"စိတ်က နားနေပေမဲ့ ခန္ဓာကိုယ်က အားမပြည့်ရင် ဒဏ်ဖြစ်လိမ့်မယ်"

"သားက လူငယ်ပဲ ရှိသေး။ ဒီလောက်က ဒီအရွယ်မှာ ဖြစ်သင့်တာပဲ။ ကိုယ် ရောက်နေတဲ့ နေရာနဲ့ ညီမျှတဲ့ ကြိုးစားမှု ရှိရမယ်ဆိုရင် ဒီလိုအားထုတ်မှုကို ကိုယ့်အတွက် ပင်ပန်းစရာလို့ အမည်မတပ်ချင်ဘူး။ ဖြစ်ဖို့လိုတဲ့ အရာကို ပိတ်ပင်ထားရင် တားဆီးခြင်းတွေ ပျက်ပြယ်သွားတဲ့အခါ အကျိုးဆက်က ကျောက်စရစ်ခဲလေးပဲ မဟုတ်ဘူး မေမေ။ ဒီတော့ သားအတွက်က မေမေ့နား ဒီလိုလေး ကပ်ပြီး နေနေရတာက ကိုယ်ရော စိတ်ရော နားပြီးသားပဲ"

"သား ဒီတစ်ခေါက် ဘယ်လောက် ကြာမလဲ"

"မှန်းထားတာတော့ တစ်ပတ်ပဲ။ တရားသေတော့ ပြောမရသေးဘူး။ ကိုအောင့်ကို ကူစရာ ရှိနေရင်တော့ တစ်လနှစ်လလောက် ကြာရင်ကြာမယ် မေမေ။ လိုအပ်ရင်တော့ သား တစ်နှစ်လောက် ကြာနိုင်တယ်။ ဟိုမှာ တစ်နှစ်လောက် ဖြစ်သွားရင် မေမေ တစ်ခေါက်တလေ လာခဲ့ဦး"

"စဉ်းစားပါမယ်"

ခင်နှင့် အသံရှင်တို့ စကားပြောခန်းသည် ဆက်လက်ထုတ်လွှင့်စရာ မရှိတော့။ ခင်သည် မျက်နှာမူထားရာ အရပ်သို့ ဆက်ကြည့်လိုက်၊ ဂရင်းတီးကို

mgyoe.com

mgyoe.com SAMPLE BOOK

သောက်လိုက်နှင့်။ အသံရှင့်မေးသည် ခင့်ပခုံးပေါ် တင်ထားရင်း ခင် ကြည့်ရာသို့ သူလည်း ခပ်ငေးငေး ကြည့်လျက်။

"ခင်" ဟူသည့် ပုံရိပ်များစွာ ဖြစ်ပေါ်တည်ရှိခဲ့သော ကမ္ဘာလေးက နှစ်ကာလအချို့မှာ လည်ပတ်လျက်။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# အပိုင်း ၁

# ပျောက်ဆုံး

mgyoe.com

mgyoe.com SAMPLE BOOK

# လေတွေ လာပြီ၊ လှိုင်းတွေ လာပြီ

၁၆ ဂဏန်း ၆ လစွန်း
နိုင်ခမ်းကြီးမြို့ပြင် လုပ်သားကွင်းရပ်ကွက်
ညနေ ၆ နာရီ

ညနေက စောင်းနေပြီ။ မှောင်ရီဖျိုးဖျမှာ လမ်းမီးတိုင် မရှိတဲ့ ဒီအရပ်ရဲ့ အမှောင်ထုအောက် လှုပ်ရှားမှုတွေ တဖြည်းဖြည်း ငြိမ်သက်စပြုလာခဲ့တယ်။ ကုန်တင်ကားတွေ၊ ခရီးသည်တင်ကားတွေ၊ လိုင်းကားတွေ ဖြတ်သန်းရာ လမ်းဘေး တစ်ဖက်တစ်ချက်မှာတောင် လမ်းမီးတိုင်ရယ်လို့ မရှိ။ သစ်ပင်ခပ်အုပ်အုပ်။ ချုံနွယ်ခပ် အုပ်အုပ်နဲ့။ လမ်းရဲ့ ဟိုမှာဘက်ကို လှမ်းကြည့်လိုက်ရင် ဟိုမှာ မီးရောင်တစ်စ၊ သည်မှာ မီးရောင်တစ်စတို့က ခပ်ပျပျ။ လောကဓာတ်ရဲ့ အမှောင်ကို သေးဖွဲလှတဲ့ ဒီအလင်းအားကိုးနဲ့ အံတုပြီး ကိုယ့်ဖြစ်တည်မှုကို မာန်ဝင့် ဟန်ပြနေတဲ့ နေရာလေးတွေ တစ်စနှစ်စ။ ခပ်ဝေးဝေးမှာတော့ အစိမ်းရောင်ကင်းမဲ့တဲ့ တောင်အတုတွေ ရှိနေကြတယ်။ အဲဒီနေရာတွေတော့ မီးအလင်းက အားကောင်းနေခဲ့တယ်။ အသံဗလံတွေကတော့ ပကတိ ဆိတ်ငြိမ်နေခဲ့တာ။

ကားကလည်း မဆိုက်သေး။

ခင် (၁၆ နှစ်အရွယ် ကောင်မလေးတစ်ယောက်) ကားကို တမျှော်မျှော်နဲ့ တောင်တွေးမြောက်တွေး ရတက်မအေးနေခဲ့။ မေမေ လမ်းခရီးမှာ ခလုတ်ကန်သင်း

mgyoe.com

mgyoe.com SAMPLE BOOK

ငြိနေခဲ့လို့လား။ ဆယ့်ခါတစ်ခါ ကြုံရတတ်တဲ့ ခပ်ထွေထွေ ကားသမားကြောင့် ကြန့်ကြာနေခဲ့တာလား။ ဈေးအဝယ်နောက်ကျပြီး ကားမမီခဲ့တာလား။ မေမေက ဈေးဝယ် ဆင်းရင် နေ့ကူးတတ်သူမဟုတ်လို့ သိထားပြီးဖြစ်ပေမဲ့ ပူပန်စိတ်အဟုန်က ချွန်းအုပ်မှုအောက်က အားကောင်းစွာ ရုန်းကြွနေကြဆဲပဲ။ ပူပန်ခြင်းနဲ့အတူ လောင်မြိုက်နေခဲ့တဲ့ မီးတောက်တစ်ခုက လောင်စာမီးစည်ခဲ့တဲ့ စိတ်ညစ်ညူးခြင်း။

"မေမေ ခုချိန်ဆို အိမ်ပြန်ရောက်သင့်နေပါပြီ။ ဒီနေ့ ကွမ်းခြင်းတွေ ပါလာမယ်၊ အရင်အခေါက်တွေထက် အရင်းအနှီး ပိုစိုက်ထားတာမို့ ကွမ်းခြင်းတွေက လေးခြင်းလောက် ပိုပါလာမှာ"

ခင် စိတ်မကောင်းခြင်းများစွာနဲ့အတူ ဒေါသစိတ်ပါ ခက်ထန်နေမိခဲ့တယ်။ ဖေဖေ. . . ဖေဖေ. . . ဖေဖေ့ကြောင့်။ ခင့် စိတ်ဒီရေတက်လွန်းကျလွန်းနေခြင်းတို့က ဖေဖေ့စကားတွေ၊ အပြုအမူတွေမှာ အခြေတည်နေခဲ့မှန်း ခင် ကောင်းကောင်း သိတာပေါ့။

ဖေဖေ့ လုပ်ပုံက မဟုတ်သေး၊ ဖေဖေ မလုပ်သင့်တာကို လုပ်နေတယ်လို့ ခင် ထင်မိတယ်။

ဖေဖေက ဘုရားစင်မှာ ဖယောင်းတိုင်သုံးတိုင်ကို ထွန်း၊ ပန်းမွှေးတိုင်တွေကို လက်ဖဝါးနှစ်ခုကြား ညှပ်ပြီး ဆုတောင်းနေခဲ့တယ်။

ဖေဖေ့ဆုတောင်းစကားသံတွေက ခင့်ရင်ဝကို ပစ်ကာပစ်ကာ ဆောင့်ကန်နေသလိုပဲ။

ဖေဖေရယ်. . .။

ဖေဖေ. . .။

ဖေဖေ တော်ပါတော့နော်. . .။

ခင် တောင်းပန်ပါတယ် ဖေဖေ တော်ပါတော့နော်၊ ရပ်လိုက်ပါတော့. . .။

ဖေဖေ ဆုတောင်းနေတာတွေကို ရပ်လိုက်ပါတော့. . .။

မေမေ့ကို အမြင်မကြည်ရင်လည်း ပြစ်တင်ပြောဆိုတာလောက်နဲ့ ကျေနပ်ပါ ဖေဖေရယ်၊ မကောင်းတာတွေ ဖြစ်လာဖို့တော့ ဘုရားရှင်ထံမှာ ဆုမတောင်းပါနဲ့တော့လား ဖေဖေရယ်။

ခင့်အတွေးတွေထဲက စကားတွေ နှုတ်ခမ်းဝဆီသို့ ထွက်မလာခဲ့ဘူး။ စကားတွေ အများကြီး ပြောနေခဲ့ပေမဲ့ ရင်ထဲ တစ်ဆို့နေမှုကြောင့် စကားလုံးတို့ ပွင့်အံမလာခဲ့။

mgyoe.com

mgyoe.com SAMPLE BOOK

ဖေဖေ့ကို ဖေဖေလို့ မြင်ကြည့်ဖို့ ခင်မျက်ဝန်းအစုံက လက်မခံတော့သလိုပဲ။ ဖေဖေက ဖေဖေ မဟုတ်တော့ဘူး။ ဖေဖေ မကောင်းဆုတွေ တောင်းရင်း ထိုင်နေရာ အောက်နားမှာ အမည်းရောင်အစက်တွေ တစ်စ တစ်စ တိုးလာတာကို ခင် တွေ့နေရတယ်။ တစ်စက်ပြီး တစ်စက်။ တစ်စပြီး တစ်စ။ အဲဒီအမည်းစက်တွေ ဖေဖေ့ခါးနားလောက်ထိ ဖုံးလာတော့ ခင့်မျက်လုံးအစုံကို လက်နှစ်ဖက်နဲ့ အုပ်ထားလိုက်မိတော့တယ်။

ဖေဖေ့ကို ခင် မမြင်ရဘူး။

ဒါပေမဲ့ ဖေဖေ့အသံကို ကြားနေရတယ်။

အဲဒီဆုတောင်းသံတွေ. . .။

အဲဒီမကောင်းစကားတွေ. . .။

အဲဒီအမုန်းတရားတွေ. . .။

အဲဒီနားစည်တုန်ခါမှုတွေ. . .။

ဒါတွေကို ခင် မကြားချင်တော့ဘူး။

လက်နှစ်ဖက်ကို ဖယ်လိုက်တယ်။

မျက်လုံးတွေကို တင်းတင်းကျပ်ကျပ် မှိတ်ထားခဲ့ဆဲ။

နားနှစ်ဖက်ဆီ ခပ်မြန်မြန် ရွှေ့ပြီး ဖိအုပ်လိုက်တယ်။

နားကို အုပ်ထားတိုင်းရော မကြားရတော့ဘူးတဲ့လား။

ခင် သိပါတယ်။ သိသိလျက်နဲ့။ ခင် သိသိလျက်နဲ့။ တကယ့်ကို သိသိလျက်နဲ့။

ခင့်မျက်ခွံတို့ တဖြည်းဖြည်း ပွင့်လာခဲ့တယ်။ ခင် မကြည့်ချင်ဘူးလေ။ ဘာလို့ ပွင့်လာကြတာလဲ။ ခင် မရရအောင် ပြန်ပိတ်တယ်။ ဒါပေမဲ့ လုံးဝမှိတ်မသွားခဲ့ကြ။

ခု ဖေဖေ့ကို ဖေဖေလို့ မြင်ကြည့်ဖို့ ခင်မျက်ဝန်းအစုံက လက်မခံတော့တာ မဟုတ်။ ဖေဖေက ခင့်ဖေဖေ မဟုတ်တော့ဘူး။ တကယ် ဖေဖေ မဟုတ်တော့ဘူး။ ခင့်လက်နှစ်ဖက်က နားနှစ်ဖက်ဆီနေ ရင်ဘတ်ကို အလိုအလျောက် လာဖိကြတယ်။

စူးအောင့်ခြင်းတွေ. . .။

တင်းကျပ်ခြင်းတွေ. . .။

တစ်ချက်တစ်ချက် နားထင်က သွေးကြောတို့ရဲ့ တင်းအားက အတိုင်းအတာအလွန်ကို ရောက်သွားသလိုပဲ။

mgyoe.com

mgyoe.com SAMPLE BOOK

အဲဒီမည်းမှောင်နေတဲ့ ဖေဖေ့ပုံသဏ္ဍာန်ကြီးဆီက ဆုတောင်းသံတွေ ထွက်နေဆဲပဲ။

ခင့် စိတ်ထဲမှာ အဲဒီသဏ္ဍာန်ကြီးကို တားနေမိပေမဲ့ လက်တွေ့မှာ ပြော မထွက်သေး။

"နင် ကြောက်နေတာလား"

ဟင်. . . ခင်က ကြောက်နေတာလားတဲ့။ ဘယ်သူ မေးနေတာလဲ။

ခင့်နားလေးမှာ ခင့်ပုံတူ မိန်းကလေးတစ်ဦး ထိုင်နေပြီး ခင့်ကို စကားတွေ ပြောနေတယ်။

"ဟင်"

"နင် ကြောက်နေတာလားလို့"

"ငါက ဘာကို ကြောက်ရမှာလဲ"

"ဟိုမှာလေ ဘုရားစင်ရှေ့က လူကြီးကို နင် ပြောဖို့ ကြောက်နေတာ မလား"

ခင် ပြန် မဖြေနိုင်။ စကားတစ်လုံးလေး ပွင့်အံထွက်ကျလာဖို့ကို ခင့်နှုတ် ခမ်းလွှာတွေက မစွမ်းဆောင် နိုင်တော့။

"ကြောက်မနေစမ်းပါနဲ့။ နင် အရင်ကတည်းက ပြောချင်နေတာမလား။ ခု ပြောလိုက်တော့လေ။ အဲဒီ လူကြီးကို နင် ပြောရမဲ့ စကားတွေ အများကြီးလေ။ အရင်က အကြောင်းတွေ ထားဦး။ ခု သူ့လုပ်ပုံနဲ့ သူ ဆု တောင်းနေတဲ့ စကားလုံး တွေက ငါ မပြောနဲ့ ဘေးအိမ်က လူတွေ ကြားရင်တောင် အကြားမတော်ဘူး။ နင် ခု ပြောကို ပြောသင့်နေပြီ။ ခင်လေး. . . သွား. . . နင် ပြောတော့. . . ခု ပြော လိုက်တော့"

ခင့်ကို သူက အတင်းအကျပ် တိုက်တွန်းနေတယ်။ ခင်နဲ့ တစ်ထပ်တည်း တူနေတဲ့ ခင်နောက်တစ်ယောက်။ ခင်က အစစ်လား။ သူက အစစ်လား။ ဒီခင်က အစစ်လား။ အဲဒီခင်က အစစ်လား။

ခင့်မှာ ပြောစရာတွေ ရှိနေတယ်တဲ့။ အဲဒီလူကြီးတဲ့။ သူ မေးငေါ့ပြလိုက် တာက ဘုရားစင်ရှေ့က အဲဒီသဏ္ဍာန်ကြီးကို။

ခင် အဲဒီသဏ္ဍာန်ကြီးကို သိမှမသိဘဲ။ ဖေဖေ့ကို ဖုံးသွားတဲ့ အဲဒီသဏ္ဍာန် ကြီးက ဘာကြီးလဲ။ ခင်နဲ့ သိနေတာလား။ ခင် သူ့ကို မသိဘဲ သူ ခင့်ကို သိနေတာ လား။

mgyoe.com

mgyoe.com

တစ်စုံတစ်ခု ခင့်ရင်ထဲကနေ ဆွဲဆုပ်ချေမွခံလိုက်ရသလို။ ဖောက်ခနဲ ပေါက်သွားတဲ့ ပူဖောင်းလေး တစ်ခုလို။ ခင့်မျက်ဝန်းအိမ်မှာ မျက်ရည်လည်ရွဲနဲ့။

အချစ် . . .။

မေတ္တာ . . .။

ဖြူစင်ခြင်း . . .။

ညစ်နွမ်းခြင်း . . .။

သစ်လွင်ခြင်း . . .။

သက်တမ်းကုန်ခြင်း . . .။

မေမေ . . .။

ဖေဖေ . . .။

ခင် . . .။

ပါးလွှာမှု . . .။

ပါးလျှမှု . . .။

ခင် ဖေဖေ့ကို စိတ်ကွက်နေတာ မဟုတ်။ ဖေဖေ ဘယ်လိုလူလဲ ခင် သိနေတယ်။ ကောင်းကောင်းကြီး သိနေတာပေါ့။ ဒီတော့ စိတ်မကောင်းမိတာလေး တစ်ခုပဲ။ မေမေ့အပေါ် တစ်ခုခု ဖြစ်လိုက်စမ်းဟ လို့ ပြောနေတာတွေကြောင့် ပြန်လှန်ခွန်းတုံ့ပြောဖို့ စိတ်က ပြင်းပြနေမိတာတော့ အမှန်ပါ။ ဒါကို ခင် မငြင်းဘူး။ ခင် ဝန်ခံတယ်။ ဖေဖေဆီက ရနေတဲ့ အရက်နံ့ပြင်းပြင်းက ခင့်စိတ်က ဆွနေတာ။ ဖေဖေ့ဆုတောင်းစကားတွေကလည်း ခင့်စိတ်ကို လှုပ်ခါနေတာ။ စိတ်ထဲ အများကြီး ပြောနေတာပေါ့။ ဒါပေမဲ့ ခုထိ နှုတ်က ထွက်မလာအောင် ခင့်စိတ်က အလိုလို ထိန်းပေးနေခဲ့တာပဲ။

ဖေဖေ အရက်သောက်တာကို ခင် သဘောမကျပေမဲ့ ခင် မတား။ ဖေဖေ ဘာတွေ ခံစားခဲ့ရလဲ ခင် သိတာပေါ့။ ၁၀ ဂဏန်းနားနီးနေတဲ့ ကလေးမလေး အရွယ်မှာလဲ ခင် ဖေဖေ့အတွေးတွေကို မြင်ခဲ့ပြီးသား။ ၁၀ ဂဏန်းစွန်းလာခဲ့တော့လဲ ဖေဖေ့အပြုအမူတွေရဲ့ အမြစ်တွယ်ရာကို ခင် တွေ့ခဲ့ပြီးသား။

ခု ဒီနယ်ကို ရောက်လာတယ်။ ဖေဖေ သောက်မြဲသောက်ဆဲ။ မေမေ တားသလား။ ခင် တားသလား။ အရာရာ ဖေဖေ့စိတ်တိုင်းကျ သောက်ခွင့်ပေး ခဲ့ပြီးသားပါ။

မေမေ အဲဒီတောင်အတုကြီးတွေဘက် ကွမ်းဆိုင်သွားထိုင်နေချိန်တွေမှာ

mgyoe.com

mgyoe.com SAMPLE BOOK

ဖေဖေ့အတွက် ခင် လိုက်ရှင်း လိုက်ကူခဲ့ရတာတွေလဲ အများသားပဲ။ အရက်ဆိုင်က အပြန်လမ်းမှာ ကောင်းကောင်း လမ်းမလျှောက်နိုင်ဘဲ လမ်းဘေးမှာ လဲနေရင် ဖေဖေ့ကို အပြေးသွားထူပြီး အိမ်ပြန်တွဲခေါ်လာရတာတွေ။ ဖေဖေ အရက်မူးပြီး ခင့်တို့ကို ဆဲနေတာ၊ အပြစ်တင်နေတာတွေ။ ဘေးဝန်းကျင်ကို အော်ဆဲလို့ ခင် သွားတောင်းပန်ရတာတွေ။ ဖေဖေ့ရဲ့ အရင်ကပုံစံလေးတွေက ခင့်အတွက် ခု လိုက်ရှင်းနေရတာတွေနဲ့ ပတ်သက်ပြီး ဖြေသာစရာ ဖြစ်ခဲ့တာလေ။

ခုတော့ ဖေဖေ့လုပ်ရပ်ကို ဖေဖေ့စကားသံတွေကို ခင့်နှလုံးသားနက်နက် ရှိုင်းရှိုင်းတစ်နေရာက လက်မခံနိုင်တော့ဘူးထင်တယ်။

"ပြော. . . ပြောလိုက်. . . အော်ပြောလိုက်"

ခင့်ဘေးက ခင်က ခင့်ကို ပိုပြီး သွေးကြွအောင် လုပ်နေတယ်။ ငါ မပြော ဘူးလို့ ခင့်နှုတ်က ငြင်းဖို့ တွန့်ဆုတ်နေခဲ့တာ။

"ပြောလိုက်တော့"

ရုတ်တရက်. . .။

"ဒီမှာ. . . တော်ပါတော့. . . ကျွန်မကို သနားရင် တော်ပါတော့"

ခင့်အသံကို အဲဒီသဏ္ဍာန်ကြီးက ကြားဟန်မတူ။

"ဟော့ လူကြီး. . . တော်လိုက်တော့. . . ရပ်တန်းက ရပ်လိုက်တော့"

မှိတ်ထားတဲ့ မျက်လုံးကို ဖွင့်၊ ပန်းမွှေးတိုင်တွေကို သဲအိုးမှာ စိုက်ပြီး အဲဒီသဏ္ဍာန်ကြီးက ခင့်ကို ခပ်စိမ်းစိမ်း ကြည့်လိုက်တယ်။

အဲဒီသဏ္ဍာန်ကြီးရဲ့ အကြည့်တွေက ခင့်စိတ်တွင်းက ကြောက်ရွံ့မှုကို လှုပ်နှိုးလိုက်တယ်။

အဲဒီသဏ္ဍာန်ကြီးကို ခင့်စိတ်ထဲက တိုးလျှိုးတောင်းပန်မိတယ်။

"ဖေဖေ သမီးကို အဲဒီလိုကြီး မကြည့်ပါနဲ့လား"

ခင် အဲဒီသဏ္ဍာန်ကြီးကို ဖေဖေလို့ ခေါ်လိုက်မိတယ်။ အဲဒီသဏ္ဍာန်ကြီး က ဖေဖေလားဟင်။ တကယ်ကြီး ခင့်ဖေဖေလားဟင်။

ချက်ချင်းဆိုသလိုပဲ အဲဒီသဏ္ဍာန်ကြီးက သူ့လက်လှမ်းမီရာ မာကျောကျော တစ်ခုကို ယူပြီး ခင့်မျက်နှာတည့်တည့်ကို ပစ်လိုက်သလားမသိ။

ခင် ရုတ်တရက် မူးမိုက်သွားတယ်။

ခင့်ခေါင်းထဲ အတော်လေး နောက်သွားတယ်။

အဲဒီသဏ္ဍာန်ကြီးက ဘာလုပ်လိုက်တာလဲ. . .။

mgyoe.com

mgyoe.com

အဲဒီသဏ္ဍာန်ကြီးက ခင့်ကို ဘာလုပ်လိုက်တာလဲ. . .။
ခေါင်းကတော့ တဆစ်ဆစ်ပဲ။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# လေနဲ့အတူ လှိုင်းနဲ့အတူ

ညနေ ၆ နာရီခွဲ

လျှပ်စီးကြောင်းအခက်အလက်တွေ ကောင်းကင်မှာ ပြေးပြေးသွားတာ အမည်းပြင်ကြီးက အက်ကွဲကျ လာတော့မလိုပဲ။ မိုးချုန်းသံတွေကလဲ တဂျိန်းဂျိန်း။ မိုးတိမ်တွေကြောင့် ပတ်ဝန်းကျင်က တဖြည်းဖြည်း မှောင်လာခဲ့တယ်။ လျှပ်စီးက တစ်ဖြတ်တစ်ဖြတ် လက်လိုက်တဲ့အခါ ဘေးဘီဝဲယာနဲ့ အနားဝန်းကျင်ကိုတော့ တစ်ချက်တစ်ချက် မြင်မြင်နေရတယ်။

ခေါင်းကို ကိုင်ထားရင်း ကြက်သေသေနေခဲ့မိတာ ဘယ်လောက်ကြာ သွားလဲမသိ။ ရုတ်တရက် လျှပ်စီး လက်လိုက်မှ ခင်. . . ခင့်ရှေ့က မြင်ကွင်းကို ပြန်သတိပြုမိလာခဲ့တာ။ အမည်းရောင်သင်္ဘောကြီးက လျှပ်စီးရောင်ကြောင့် လင်း သွားတဲ့ ဒီအခန်းထဲမှာ ထင်းထင်းကြီး ပေါ်လာတာ။ ဘာတွေ ရွတ်နေလဲ ခင် မခွဲခြားနိုင်တော့တဲ့ အသံတွေ အဲဒီသင်္ဘောကြီးဆီက ထွက်နေတာ။ တစ်ချက် တစ်ချက် မေမေ့နာမည် ပါပါသွားတာကိုပဲ ရိပ်ဖမ်းသံဖမ်းရှိတော့တာ။ အမည်း ရောင်သင်္ဘောကြီးက ကျုံ့သေးမသွားဘဲ လျှပ်စီးတစ်ခါလက်တိုင်း ခင် မြင်ရသ လောက်တော့ ပိုပိုကြီးလာ ပိုပိုပြန့်လာတယ် ထင်မိတာပဲ။ ခင့်ဘေးနားမှာ ဘယ်သူမှ မရှိတော့ဘူး။ ခင့်ကို တတွန်းတတိုက် လုပ်နေခဲ့တဲ့ ခင်နောက်တစ်ယောက်လဲ မရှိနေခဲ့တော့။

mgyoe.com

mgyoe.com SAMPLE BOOK

ဒီအခန်းထဲ၊ ဒီအိမ်ထဲမှာ ခင်နဲ့ ဒီသဏ္ဍာန်ကြီးပဲ ရှိနေတော့တယ်။

မိုးချုန်းသံတွေ ငြိမ်သွားပြီးပြီးချင်းမှာပဲ ကောင်းကင်ကနေ မိုးစက်တွေ ဒလဟော သွန်ကျလာခဲ့တယ်။ လျှပ်စီးတစ်ချက် ဝင်းခနဲ လက်သွားတယ်။ မကြာမတင်မှာဘဲ မိုးချုန်းသံပြင်းပြင်းတစ်ခု နောက်က လိုက်ပါလာခဲ့တယ်။ ခင်လည်း ချိန်ကိုက်ဗုံးတစ်ခုလို အိမ်ပေါ်ကနေ ပြေးဆင်းလာလိုက်တယ်။

ခင် ဒီအခန်း၊ ဒီအိမ်ထဲ ဘယ်အားအင်နဲ့ ဆက်နေရပါ့မလဲ။ ဘယ်အားအင်နဲ့ ဆက်နေရပါ့မလဲ။ တစ်အိမ်လုံးမှာ တစ်ခန်းတည်းနဲ့ ဖွဲ့စည်းထားတဲ့ အခန်းလဲ ဟုတ်၊ အိမ်လဲဟုတ်တဲ့ ဒီနေရာကနေ ခင် ပြေးထွက်လာရုံကလွဲလို့ ခင့်အတွက် ဘာရှိဦးမလဲ။ ရွေးချယ်စရာ နည်းတာထက် ရွေးစရာ မရှိခဲ့တဲ့ ခင့်အတွက် ဒီတစ်ကြိမ်မှာရော ရွေးစရာ ရှိနေပါ့မလား။ ခင်လေ ပြေးဆင်းပြီးပြီးချင်း ဟက်ခနဲ အခြောက်တိုက် ရယ်လိုက်မိသေးတာ။

ဒီအမည်းရောင်သဏ္ဍာန်ကြီးဆီက လွတ်နိုင်ဖို့ ခင် မိုးရေထဲ ပြေးထွက်ခဲ့ရတယ်။

မိုးရေတွေနဲ့ ထိတွေ့. . . ။

အပေါ်က ထပ်ထားတဲ့ တစ်ပတ်နွမ်း ထရွန်ကွက်အပေါ်ဖုံးအကျႌက မိုးရေနဲ့အတူ ခင့်ကိုယ်ပေါ် အိလာတာကို ခင် သေချာသတိထားမိတယ်။ ပြေးနေတဲ့ ခြေလှမ်းတွေအပေါ် လေးလံမှုကောက်ရိုးမျှင်လေး တင်လာရင်တောင် ခင် ခံစားမိတာပေါ့။

ကြောက်ရွံ့ခြင်းက လေးလံမှုတွေကို ဟာသလုပ်နေတယ်လို့ ခင် ထင်တာပဲ။ ပစ်ချမထားခဲ့ဘဲ လေးချင်သလောက် လေးစမ်း၊ ငါ ထမ်းပြေးတာပေါ့ ဆိုတဲ့ အသံ တွေ လှမ်းနေတဲ့ ခြေလှမ်းတိုင်းနဲ့အတူ ခင့်ခေါင်းထဲ ပြည့်နေခဲ့တာ။

ခင့်ကိုယ်မှာ မိုးရေတွေက ရွှဲရွှဲစိုလို့။ ပါးပြင်မှာ သွေးတွေနဲ့ မိုးရေတွေက ရောလို့ယှက်လို့။ မိုး ဘယ်လောက်သည်းသည်း နဖူးဒဏ်ရာကနေ စီးနေတဲ့ သွေးတွေက မိုးရေစက်တွေရဲ့ ဆေးကြောမှုနဲ့ စင်ကြယ် မသွားခဲ့ဘူး။

ခေါင်းကလဲ နာလိုက်တာ၊ တဆစ်ဆစ်နာနဲ့။ အဲဒီအမည်းရောင်သဏ္ဍာန်ကြီးဆီက ပြေးထွက်လိုတဲ့ ကြောက်ရွံ့မှုနဲ့ ပြင်းပြမှုရဲ့ တွန်းအားတွေကြောင့်သာ ခု ခင် ပြေးနေမိတာ။ နာကျင်နေရခြင်းက ခင့်ဆီကနေ ခဏလောက်တောင် ကွယ်ပျောက်မနေခဲ့ဘူး။ ကြောက်ရွံ့ခြင်းက လေးလံမှုကိုသာ ဟာသလုပ်ချင်လုပ်နေလိမ့်မယ်။ အဲဒီလို လုပ်ဖို့ အားအင်တွေ ရှိရင်လဲ ရှိနေလိမ့်မယ်။ နာကျင်နေရတဲ့ ခေါင်း

mgyoe.com SAMPLE BOOK

က ဒီဝေဒနာ၊ ရင်ထဲက ဒီဝေဒနာကိုတော့ ယှဉ်ပြိုင်တိုးတိုက်နေတာမျိုးတောင် မရှိခဲ့ဘူး။

ခင် ဘာလို့ ဒီလောက် သိနေတာလဲ။

ခင့်မှာ ကြောက်ရွံ့ခြင်းက အုပ်စိုးနေလို့ ဒီလို ပြေးထွက်လာခဲ့တာ မဟုတ်ဘူးလား။

ဒီအကြောက်တရားရဲ့ ရင်းမြစ်က ဘာလဲ။

ဒီအကြောက်တရားရဲ့ ရင်းမြစ်က ဘယ်က လာတာလဲ။

ဒီအကြောက်တရားရဲ့ ရင်းမြစ်က ဘယ်လို ဖြစ်လာတာလဲ။

ခင် ကောင်းကောင်းကြီး သိတာပေါ့။ ခင် ပြေးထွက်မယ် ကြံလိုက်ကတည်းက ဒီကြောက်ရွံ့ခြင်းကို မောင်းတင်ပစ်လွှတ်လိုက်တာပဲ။ ဒီကြောက်ရွံ့ခြင်းဆီက တွန်းအားတွေ ရလာဖို့ ယမ်းမှုန့်တွေ တစိမ့်စိမ့် ဖြည့်ရင်း တရိပ်ရိပ် ပြည့်လာလိုက်တာ ပြီးပြည့်စုံသွားချိန်မှာ ခင့်ခြေဖဝါးတွေက မိုးရေရိုက်ထားတဲ့ မြေပြင်နဲ့ ထိပြီးသားဖြစ်နေပြီ။ အမည်းရောင်သင်္ဘောကြီးက ခင့်ရဲ့ကြောက်ရွံ့ခြင်းကို လှုပ်နှိုးခဲ့တာလား။ ခင်ကိုယ်တိုင်က ခင့်ရဲ့ ကြောက်ရွံ့ခြင်းပဲလား။

မိုးရေနဲ့ အထိအတွေ့က အေးစက်နေတာမှန်ပေမဲ့ ခင့်အတွက်တော့ ဒီအအေးဓာတ်က မတိုးတော့ဘူး။ ထိမှန်လိုက်တဲ့ မိုးစက်တိုင်းက ခင့်အပူချိန်ကို တစ်ဆင့်ချင်း မြှင့်မြှင့်ပေးနေသလိုပဲ။

ခေါင်းထဲမှာ ရဟတ်တွေ စီးနေရပြီ။ အမြင့်ဆုံးနှုန်းနဲ့ ပန်ကာဒလက် လည်နေသလို ခင်လေ ခေါင်းထဲ မွှေနှောက်ခံထားရသလိုပဲ။

ခင့်မျက်လုံးတွေပါ ပူထူလာတယ်။ ပြာလာတယ်။

ခင့်ခြေလှမ်းတွေက ဘယ်အရပ် ဘယ်ဆီကို ဦးတည်နေသလဲလို့ မှန်းဆလို့ မရ။ ခင့်ခြေထောက်တွေကို အသိစိတ်နဲ့ ခင် ထိန်းချုပ်နေခဲ့သေးသလား ခင်တကယ် မသိတော့ဘူး။

ခြေဦးတည့်ရာ ပြေးမယ်။ ရောက်ရာ ပေါက်ရာ ပြေးမယ်။

ပြေးမယ်. . .။

ပြေးသွားမယ်. . .။

ထွက်သွားမယ်. . .။

ပြေးထွက်သွားပစ်မယ်. . .။

ဖေဖေ့ရဲ့ မကောင်းသော ဆုတောင်းသံတွေနဲ့ ဝေးရာ. . .။

mgyoe.com

mgyoe.com

ဖေဖေ့ရဲ့ အထုအထောင်းဒဏ်တွေနဲ့ ဝေးရာ. . .။

ဖေဖေနဲ့ ဝေးရာ. . .။

ဟင် နေပါဦး။

ဖေဖေ့ရဲ့ မကောင်းသော ဆုတောင်းသံတွေနဲ့ ဝေးရာကတော့ ဟုတ်ပါပြီ။

ဖေဖေ့ရဲ့ အထုအထောင်းဒဏ်တွေနဲ့ ဝေးရာလို့ ခင် ဘာလို့ တွေးမိတာလဲ။ ဖေဖေ ခင့်ကို ဘယ်တုန်းက ထုထောင်းခဲ့ဖူးလို့လဲ။

ဖေဖေနဲ့ ဝေးရာလို့ရော ခင် ဘာလို့ တွေးမိတာလဲ။

ဖေဖေနဲ့ ဝေးရာကို ခင် ဘာလို့ ပြေးထွက်ရမှာလဲ။

ဖေဖေနဲ့ ဝေးရာကို ခင် ထွက်မသွားဘူး။

လုံးဝ ထွက်မသွားဘူး။

ခင် ထွက်မသွားချင်ဘူး။

ခင် အခု ပြေးလာတာ အဲဒီအမည်းရောင်သဏ္ဍာန်ကြီးကြောင့်လေ။ အဲဒီအမည်းရောင်သဏ္ဍာန်ကြီးကြောင့်။ အဲဒီသဏ္ဍာန်ကြီးကြောင့်။ သူ့ကြောင့်။ ဖေဖေကြောင့် မဟုတ်ဘူး။ တကယ် ဖေဖေ့ကြောင့် မဟုတ်ဘူး။

ခင့်ခြေလှမ်းတွေ နှေးမသွား၊ မြန်သထက် မြန်လာတယ်။

ခင့်မှာ ဖိနပ်ပါမလာခဲ့။ ခင့်ခြေထောက်တွေတော့ ပေါက်လို့ ပြဲလို့ နေမှာ။ ဘာပဲဖြစ်ဖြစ် ခင် အဲဒီသဏ္ဍာန်ကြီးနဲ့ ဝေးရာ ရောက်သွားရင် ပြီးရော။

ခင် ပြေးမယ်။

ခင် မရပ်မနား ပြေးလိုက်မယ်။

ခင် လွတ်မြောက်ရာကို ပြေးနေတယ်။

ဟုတ်တယ်. . . ဆက်ပြေးနေရင် တစ်နေရာရာမှာ တစ်ချိန်ချိန်မှာ ခင် အဲဒီသဏ္ဍာန်ကြီးနဲ့ တကယ် ဝေးသွားမှာ၊ ခင် အဲဒီသဏ္ဍာန်ကြီးဆီက တကယ် လွတ်မြောက်သွားမှာ။

ခင် ပြေးနေတယ်။

ခင် ပြေးနေခဲ့တယ်။

ပြေးနေရင်း ပြေးနေရင်းနဲ့ လမ်းတစ်နေရာမှာ မိုးစက်တွေကြား လူလိုလို အရိပ်အယောင်တစ်ခု ရပ်နေတာကို ခင် တွေ့လိုက်တယ်။

ဟင်. . .။

မေမေ. . .။

mgyoe.com

mgyoe.com SAMPLE BOOK

ဟိုးရှေ့နားက မေမေမို့လား. . .။

ဟုတ်တယ် မေမေမို့လား. . .။

မေမေရေ. . .။

မေမေ. . .။

ခင် ပြေးသွားမိတယ်။ မေမေ့ရင်ခွင်ထဲ အပြေးဝင်ပစ်ချင်စိတ်နဲ့ ဒရော သောပါး ပြေးသွားမိတယ်။

မေမေက ခင့်ကို လက်ကလေး ဆန့်ပြီး ဆီးကြိုနေခဲ့တယ်။

ခင် မေမေ့ရင်ခွင်ထဲ တိုးဝှေ့ပြီး ရှိုက်ကြီးတငင် ငိုနေမိတာပေါ့။ ခင့်မျက်ရည်တွေကို ထိန်းလို့ မရ၊ ပိုးပိုးပေါက်ပေါက် ကျကျလာနေတာ။

မေမေ့ထွေးပွေ့မှုကြားမှာ ခင့်စိတ်ထဲကနေ မေမေ့ကို စကားတွေ ပြောနေမိတယ်။

"မေမေရယ်. . . ဒီနေ့ အိမ်ကို ဘာလို့ စောစော ပြန်မလာတာလဲ. . ."

"ညနေက ဖေဖေ လမ်းမှာ အရက်မူးပြီး လဲနေလို့ ခင် သွားတွဲပြီး ခေါ်လာရတာ. . ."

"ခင့်ကို ကောင်လေးအချို့ကလဲ စကြနောက်ကြသေးတယ်. . ."

"ဘာတဲ့. . ."

" 'အရက်သမားသမီး' တဲ့. . ."

" 'နင်က သူ့သမီးအရင်း မဟုတ်ဘူး' တဲ့. . ."

" 'နင့်အမေက ဖောက်ပြန်ပြီး နင့်ကို ရလာတာ' တဲ့. . ."

ဘေးနားက အိမ်တွေကလဲ သမီးတို့ကို ပြောပြောဆိုဆို လုပ်ကြတယ်။

" 'ဘယ်လိုမိသားစုလဲ မသိပါဘူးအေ။ တစ်နေ့မှ နားအေးသက်သာ မနေရဘူး' တဲ့. . ."

" 'မြန်မြန်သာ ပြောင်းသွားစေချင်တယ်။ သူတို့ တို့အနားမှာ နေတာ ရပ်ကွက်ပူတယ်။ လမ်းပူတယ် အေ့' တဲ့. . ."

" 'လင်နဲ့မယား မတည့်တဲ့အပြင် သမီးလုပ်သူကိုပဲ ကြည့်၊ သနားစရာလေး အေ။ ကျောင်းစာလုပ်ရမှာထက် အရက်သမားဖအေကြီးကို လုပ်ပေးကိုင်ပေးနေရတဲ့ အချိန်က ခပ်များများ' တဲ့. . ."

" 'မအေကလဲ သမီးလေးကို ဒီဖအေကြီးနဲ့ ထားထားပြီး စိတ်ချလက်ချ ဈေးရောင်းထွက်သတဲ့။ ငါ့ဖြင့် သူ့အစား အံ့သြမိပါရဲ့' တဲ့. . ."

mgyoe.com

mgyoe.com SAMPLE BOOK

"ခင် မေမေ့ကိုပဲ မျှော်နေမိတာ သိလား"

"အထူးသဖြင့် အခုလို နေ့တွေမှာလေ"

"ဖေဖေက မေမေ ပြန်လာမဲ့ ခရီးကို မတော်တဆဖြစ်စေကြောင်း ဘုရားမှာ ဆုတွေတောင်းနေတော့ ခင် ဘယ်စိတ်ကောင်းမလဲလေ"

"ဒါနဲ့လေ ဒီနေ့ သိပ်ထူးဆန်းတယ် သိလား မေမေ၊ ခင် အကောင်ကြီး တစ်ကောင် တွေ့တယ်။ အကောင်ကြီးလို့လဲ ပြောရခက်ပါတယ်လေ။ သဏ္ဍာန်ကြီး လို့လဲ ပြောရမယ်ထင်တာပဲ။ အဲဒီသဏ္ဍာန်ကြီးကလေ ဖေဖေ ဘုရားစင်ရှေ့ ဆုတောင်းနေတုန်း ဖေဖေ့အနားကပ်ပြီး ဖေဖေ့နေရာကို ဝင်ယူလိုက်တာ၊ သူလဲ ဖေဖေနဲ့ တစ်ပုံတည်း တူသွားရော ဖေဖေ ပျောက်သွားတော့တာ။ တစ်အိမ်လုံးမှာ ခင်နဲ့ အဲဒီအမည်းရောင်သဏ္ဍာန်ကြီးနဲ့ပဲ ကျန်ခဲ့တာ"

"မေမေ ခင့်နဖူးကို စမ်းကြည့်လိုက်ပါ"

"ခင့်နဖူးကို စမ်းကြည့်လိုက်ပါ"

"ခင် သိပ်ကို နာကျင်ရတယ် မေမေရယ်"

"ခင့်စိတ်ရော ခင့်ကိုယ်ရော"

"နဖူးက ကိုယ်ဒဏ်ရာထက် ခင့်ရင်ထဲ ပိုပြီးနာနေသလိုပဲ။ ဆန်အိတ် ချုပ်အပ်ချွန်ကြီးနဲ့ အားပါးတရ တစွက်စွက် ထိုးစိုက်နေသလိုပဲ"

"ခင်လေ မေမေ့ရင်ငွေ့လေးကို သိပ်သတိရတာပဲ"

"မေမေ့ရင်ငွေ့နွေးနွေးလေး"

ဒါပေမဲ့ အခု ခင်ရနေတဲ့ မေမေ့ရင်ငွေ့က မိုးရည်စက်တွေကို အံတုပြီး နွေးမနေခဲ့ဘူး။

ခင် မေမေ့ရင်ခွင်ထဲ ပိုလို့ ပိုလို့ တိုးဝင်မိတယ်။ နွေးမလာခဲ့။

ခင် မေမေ့ကို တင်းတင်းကျပ်ကျပ် ဖက်လိုက်တော့ မေမေက မိုးရေစက် တွေထဲ အငွေ့အသက်တစ်ခုလို လွင့်ပျောက်သွားခဲ့တာ။

ခင့်ရင်ထဲ နာကျင်မှုထက် လစ်ဟာမှုက လှိုက်ခနဲ တက်လာခဲ့တယ်။ ရင်ထဲမှာ ဘာဆိုဘာမှ မရှိတော့သလို။ အလုံးစုံကင်းမဲ့နေတဲ့ ဟင်းလင်းပြင်ကြီး တစ်ခုထဲ ခင် ရောက်သွားရသလို။ ဆုပ်ကိုင်စရာ၊ တွယ်ခိုစရာ၊ မှီကပ်စရာ၊ တိုးဝှေ့ စရာ ဘာမှ မရှိ။

"မေမေ. . ."

ခင် အငွေ့အသက်တွေကို မိလိုမိငြား မိုးရေတွေကြားမှာ အပြေးအလွှား

mgyoe.com

mgyoe.com SAMPLE BOOK

လိုက်ဖမ်းကြည့်မိတယ်။

ဖမ်းဆုပ်လို့ မရ။ ဖမ်းမမိ။ ဆုပ်မမိ။

အငွေ့အသက်တွေ ဖမ်းနေရင်းကနေ ခင် အပြေးတစ်ပိုင်း ဖြစ်လာပြန်တယ်။ ခင့်ခြေထောက်တွေက မေမေ ရှိခဲ့ရာ နေရာကနေ အဝေးကို ပြေးထွက်လာခဲ့ပြီ။ ခင့်ကိုယ်က သူတို့ စေရာနောက်ကို ကောက်ကောက် ပါလာခဲ့ပြန်ပြီ။

ခင် ဆက်ပြေးနေမိပြီ။

ခင် ဆက်ပြီး မရပ်မနား ပြေးနေမိခဲ့ပြီ။

လွတ်မြောက်ရာ. . .။

ဝေးကွာရာ. . .။

လုံခြုံရာ. . .။

ဒီနေရာကို ငါ ရောက်အောင် ပြေးမယ်လို့ ခင် တွေးပြီး ပြေး၊ ပြေး၊ ပြေး၊ ဆက်ပြေးနေခဲ့မိတယ်။

တစ်နေရာအရောက် ခင့်ရင်ထဲ ဟိုက်ခနဲ ဖြစ်သွားတယ်။

မိုးရေတွေကြားမှာ ခင့်အာခေါင်တွေ ချက်ချင်းကြီး ခြောက်သွေ့လာတယ်။

ခင့်ခြေလှမ်းတွေ ရုတ်တရက် တုံ့ခနဲ။

လမ်းရဲ့ဘေးမှာ အလင်းပြပြလေးနဲ့ စေတီတစ်ဆူ. . .။

ဖေဖေသာ မရှိတော့ရင်. . .။

ဘယ်က ဖေဖေသာ မရှိတော့ရင်လဲ. . .။

အဲဒီသင်္ဘောကြီးသာ မရှိတော့ရင်. . .

အဲဒီအမည်းရောင်သင်္ဘောကြီးသာ မရှိတော့ရင် လို့ အထပ်ထပ်အခါခါ ဆုတောင်းနေမိရင်း. . .။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# မသိသေးသော မသိခြင်းတစ်ခု

အချိန်ကင်းမဲ့ဂုန်

ခင့်ကိုယ်ထည်က အအေးဓာတ်တစ်မျိုးနဲ့အတူ တစ်နေရာရာကို ရွေ့နေတယ်။ ခန္ဓာကိုယ်တစ်ဝက်လောက်က အဲဒီအေးဓာတ်နဲ့ ပေါင်းစပ်ထားသလို တစ်ထပ်တည်းရှိနေခြင်းကို ခင် သေချာပေါက် ခံစားနေမိတာ။ ငါ့ကိုယ်ကြီးက အခြားတစ်ခုခုဆီ နစ်ဝင်နေတာလား။ သူနဲ့ ခင် တစ်ကိုယ်တည်း ဖြစ်သွားတော့မှာလား။ အဲဒီအပိုင်းက အေးနေတာပဲ။ တွဲစပ်နေတဲ့ အဲဒီတစ်ဝက်ဆီက ပူနေတာတွေလဲ တကယ်ပပျောက်သွားတာ။ ဘာများ ဖြစ်မလဲ။ ဘာများ ဖြစ်နေမလဲ။ ခင် စမ်းကြည့်လိုက်ဦးမှ။ ဟင်. . . မသိမသာ ရွေ့လျားနေတဲ့ ဆွဲအားကို ခင် ခံစားမိတယ်။ လှုပ်ဖွေကြည့်ရာ လက်က ထုထည်ရှိဖြစ်တည်မှုထဲမှာ လေထဲ ဖွေ့ရမ်းသလို အလွယ်တကူ လှုပ်ရှလို့ မရနေခဲ့ဘူး။

ခပ်မှိန်းမှိန်း နေချင်နေတဲ့ မျက်လုံးအစုံကို ခင် ဖွင့်ကြည့်လိုက်တယ်။ ခင် မြင်နေရတာ ပုစွန်ဆီရောင် လွှမ်းနေတဲ့ ကောင်းကင်ပြင်ကြီး။ တိမ်တွေ တိမ်တွေဆိုတာလေ။ အဆုပ်လိုက်။ အဆုပ်လိုက်။ ဂွမ်းတွေ အပုံလိုက် အစုလိုက် စီချထားသလို။

ခင်. . . ခင့်ကိုယ်တစ်ဝက်နဲ့ ပေါင်းစပ်နေတဲ့အရာကို မြင်ရအောင် အောက်ဘက်ကို ကြည့်ဖို့ ခေါင်းကို ခပ်နည်းနည်း လှုပ်လိုက်မိတယ်။ အိုး. . .

mgyoe.com

mgyoe.com SAMPLE BOOK

ခင် ဟန်ချက်ပျက်သွားယ်။ ငြိမ်ငြိမ်ကလေး ရှိနေတုန်းက သူ ရွေ့တဲ့အတိုင်း ကောင်းကင်ပြင်ကို မြင်နေရတာ။ တစ်နေရာတည်း ရပ်မနေဘဲ တစ်နေရာပြီး တစ်နေရာ ရွေ့နေခဲ့တာ။

ရေစီးကြောင်းတစ်ခု။ ဒါဟာ ချောင်းတစ်ခုလား။ မြစ်ပြင်တစ်ခုလား။ ဘယ်ကနေ စီးလာတာလဲ။ ဘယ်ကို စီးသွားမှာလဲ။ ခု ဘယ်နေရာ ရောက်နေပြီလဲ။ ဒါပေမဲ့ ခင် ဟန်ချက်ကို ပြန်မထိန်းနိုင်တော့ပါ။ ခင့် ကိုယ်ထည်တစ်ခုလုံး ရေထုနဲ့ ပေါင်းစပ်သွားတော့မယ်။ ခင် ရေနစ်တော့မယ်။ ခင် ရေတွေနဲ့ မွန်းရတော့မယ်။ ကောင်းကင်ကပါ ခင်နဲ့အတူ မငြိမ်မသက် ဖြစ်လာခဲ့တယ်။ တိမ်တိုက်တွေ ဖွံ့ထား လာကြတယ်။ ပြောင်းစေ့တစ်စေ့ အိုးထဲမှာ ပေါက်ပေါက်ပွင့်ကြီးတွေအဖြစ် အသွင် ပြောင်းသွားသလို တိမ်စုကလေးတစ်ခုကနေ တိမ်စိုင်ထွားကြီးတွေအဖြစ် တစ်လုံး ချင်း တစ်လိပ်ချင်း တစ်လုံးချင်း ပြောင်းပြောင်းသွားလိုက်ကြတာ။ ပုစွန်ဆီရောင် ကနေ ခြင်းခြင်းနီတဲ့ တိမ်စုတိမ်ခဲကြီးတွေ ဖြစ်လာကြပြီ။ တအိအိ နိမ့်ဆင်းလာရင်း ရုတ်တရက် တန့်သွားကြတယ်။

ခွက်ခနဲ အသံတစ်ခုကို ခင် ကြားလိုက်ရတယ်။ နစ်မွန်းတော့မဲ့ ကိုယ့် ကိုယ်ကိုယ် သိနေရင်းနဲ့ အဲဒီအသံကို ခင် တိတိပပ ကြားလိုက်ရတာ။ ခင် နားကြား မမှားတာ သေချာတယ်။

အသံလာရာ နေရာကို ကြည့်လိုက်တော့ ရဲနီနေတဲ့ တိမ်ထုတစ်ခုမှာ အက်ကွဲကြောင်းတစ်ခု ပေါ်နေတာကို ခင် မြင်လိုက်ရတယ်။ အက်ကွဲရာက တိမ်ထု တစ်ခုလုံးကို ခပ်မြန်မြန် ဖြန့်ကျက်သွားတဲ့နောက်မှာ. . . ။

ဟင်. . . အဲဒါ ဘာဖြစ်တာလဲ။

ခင် သေချာအားစိုက်ပြီး ကြည့်လိုက်တယ်။

ရေပြင်ထဲ ကျလာတာတွေ. . . ။

ဘာတွေလဲ. . . ။

အဲဒါ ဘာတွေလဲ. . . ။

ရေပြင်နဲ့ ထိတွေ့တဲ့အခါ ရေပြင်ကနေ ခွက်ခနဲ အသံတွေ ခပ်စိပ်စိပ် ထွက်လာခဲ့တယ်။

ရေပြင်က ရေခဲပြင်မဟုတ်။ လှုပ်ရှားနေတဲ့ ရေတွေနဲ့ ပြည့်နေတဲ့ ရေပြင် တစ်ခု။ ပလုံ. . . ပလုံ. . . ပလုံ. . . ဒါမှမဟုတ် ဗွမ်း. . . ဗုန်း. . . အုန်း. . . ။ ဒီလိုတွေ အသံထွက်လာရမှာ မဟုတ်ဘူးလား။ ဟန်ချက် မထိန်းနိုင်ဘဲ လှုပ်ရှား

mgyoe.com

ရုန်းကန်နေရာကနေ ထွက်လာတဲ့ ရေစက်တွေ ရေပွက်တွေက ခင့်မျက်နှာကို လာလာ စင်ကြတယ်။ မျက်လုံးအိမ်တွေမှာ တစ်ခါတစ်ခါ ရေနဲ့ ပြည့်လွှမ်းသွားတော့ ပြိုကျခြင်း၊ ကျဆင်းခြင်းဖြစ်စဉ်ကို ခင် ကောင်းကောင်းမြင်နေချင်လျက်နဲ့ မြင်ရ တစ်ချက် ဝါးတားတားတစ်ချက် ပျောက်တစ်ချက်။

ခင် မကြာမတင် ရောက်သွားရတော့မဲ့ ဟိုးတစ်နေရာက ရေပြင်ဟာ ကြွေကျလာတဲ့ တိမ်စတွေနဲ့ ပြည့်ပြည့်လာလိုက်တာ လှိုင်းကြက်ခွပ်သဏ္ဌာန်တွေ ရုတ်ချည်းပျောက်ပြီး ကောင်းကင်က နီရဲခြင်းကို ရောင်ပြန်တွေ ဟပ်နေကြပြီ။ ခင့်အောက်က ရေပြင်က ပိုပိုပြီး အေးစက်လာခဲ့တယ်။ ရေစီးကို သတိထားနေလျက် နဲ့ ရေက စီးဆင်းခြင်းတန့်သွားသလို ခင် ခံစားလိုက်ရတယ်။

ရုန်းရင်းဆန်ခတ်ဖြစ်နေတဲ့ ခင့်လက်တွေ ခြေတွေက တစ်ဆစ်ချင်း တောင့်တင်းလာတာကို ခင် သိနေတယ်။

သွေးကြောတွေဆီမှာ သွေးတွေ စီးမနေတော့ဘူးလား။

ရင်ဘတ်ဆီက လှုပ်ခုန်မှုက ဘာကြောင့် ငြိမ်ကျသွားတာလဲ။

ခင့်နားထင်က သွေးကြောလေးတွေထဲ အငွေ့ဓာတ်တွေ ဘာကြောင့် ပျောက်ဆုံးသွားတာလဲ။

ခင် နှုတ်ခမ်းတွေကနေ ခပ်ဖြည်းဖြည်း လေမှုတ်ကြည့်ဖို့ ဟကြည့်တယ်။ နှုတ်ခမ်းသားတွေ လှုပ်ရှား မနေခဲ့တော့။

လျှာနဲ့ ထိုးဆကြည့်ဖို့ လျှာကို လှုပ်ကြည့်တယ်။ လျှာကပါ လှုပ်ရှားခြင်း မရှိတော့။

အခု ခင့်တစ်ကိုယ်လုံးမှာ လှုပ်ရှားလို့ ရနေခဲ့တာ ဘာမှ မရှိတော့ဘူးလား။

ခင် အေးခဲသွားတာလား. . .။

ခင် အေးခဲသွားပြီလား. . .။

ခင့်ကိုယ်နဲ့ ခင့်ဝိညာဉ် ကင်းကွာသွားခဲ့ပြီလား. . .။

တိမ်စရဲရဲနီတွေ ပြိုဆင်းလာတာ ပိုပိုမြန်လာတယ်။ ခင် တန့်ရပ်နေရာ နဲ့လဲ ပိုနီးလာတယ်။ အသံတွေ ခပ်စိပ်စိပ် ဖြစ်လာတယ်။ အနီရောင်တိမ်တိုက်တိုက် တွေ ကင်းသွားတဲ့ နေရာမှာ တိမ်လဲ မရှိတော့။ ကောင်းကင်လဲ မရှိတော့။ အမည်း ပြောင်ကြီးက နေရာပြန့်ပြန့်ကားလာခဲ့တယ်။ ဒါဟာ ဗလာလား။ နတ္ထိဖြစ်ခြင်းလား။ အရာရာရဲ့ အဆုံးသတ်လား။

ခင် ဒါတွေကို မြင်နေရတော့ ခင့်အမြင်အာရုံတွေ အေးခဲမသွားသေးဘူး

mgyoe.com

mgyoe.com SAMPLE BOOK

ပေါ့။ ခင့်နှာဖျားက အငွေ့လေးတွေ ထွက်နေတော့ ခင် အသက်ရှူနေသေးတာ ပေါ့။ ခင် ရေခဲရုပ်အဖြစ် အလုံးစုံ ပြောင်းမသွားခဲ့သေးဘူး။ ခင် ရှင်သန်နေသေး တယ်။ ခင် ရှင်သန်နေခဲ့သေးတယ်။ ခင်ရေ နင် ရှင်သန်နေသေးတယ် တဲ့။

ဒါဟာ ဝမ်းသာမိခြင်းလား။

ရှင်သန်နေရခြင်းအတွက် ဂုဏ်ယူနေမိခြင်းလား။

ခင် ပြေးထွက်နေခဲ့တာ မဟုတ်ဘူးလား။

ဒီရှင်သန်ခြင်းကနေ ထွက်သွားချင်နေတာ မဟုတ်ဘူးလား။

ခင်လေးငယ်ရယ် နင် ရှင်သန်နေရလို့ တကယ် ဝမ်းသာနိုင်လို့လားကွယ်။

ရေပြင်က မြင်မြင်ရာ နေရာစုံမှာ ခဲတောက်နေခဲ့ပြီ။ ခင့်အောက်မှာ စီးဆင်းခြင်းကို လုံးလုံးလျားလျား မခံစားရတော့။ ရေပြင်ရေအောက်အလုံးစုံ ရေခဲ ထုအဖြစ် ပုံပြောင်းသွားခဲ့ပြီ။

တိမ်စိုင်တို့ ကွဲအက်သံတွေ. . . ။

တိမ်စတို့ ကြွေသံတွေ. . . ။

ရေခဲပြင်နဲ့ ထိရိုက်သံတွေ. . . ။

ပြီးတော့ တဝေါဝေါ တက်လာတဲ့ အသံတစ်ခု. . . ။

ခင့်မျက်စိရှေ့မှာပဲ တိမ်စတို့နဲ့ ရေခဲပြင် ထိထိသမျှ နေရာကနေ အနီ တစ်ဝက် အမည်းတစ်ဝက် ရေခဲချွန်ကြီးတွေ ထိုးထွက်လာခဲ့ကြတယ်။ နေရာ အကြားအလပ်မရှိဘဲ ပြင်အပြည့် တရစပ် ထိုးထွက်လာလိုက်ကြတာ အသန်မာဆုံး အလျင်မြန်ဆုံး မြင်းသည်တော်ကို စီးရင်း ပရိယာယ်ကျွမ်းကျင်တဲ့ စစ်သူကြီးက စစ်သည်တော်တွေကို ဦးဆောင်ပြီး ခင့်ဆီကို ဒေါသတကြီး မီးတရဲရဲ ချီတက် လာကြသလိုပဲ။

ခင် အလုံးစုံ အေးခဲမသွားဘဲ ခင့်သိစိတ်ဝိညာဉ် ခင့်ကိုယ်မှာ စွဲကပ် နေဆဲ အခြေအနေကို ခင် ဝမ်းသာ နေသင့်သေးရဲ့လား။

တင်းတောင့်နေတဲ့ မျက်ခွံတွေကို ခင် အတင်းပိတ်ချလိုက်မိတယ်။

ခွက်ခနဲ ကွဲအက်သံတွေ. . . ။

တင်ခနဲ ကြွေဆင်းသံတွေ. . . ။

အုန်းခနဲ ထိရိုက်သံတွေ. . . ။

ဝေါခနဲ ထိုးထွက်လာသံတွေ. . . ။

ဟော. . . ။

mgyoe.com

mgyoe.com SAMPLE BOOK

နီးလာလိုက်တာ. . .။

နီးလာလိုက်ကြတာ. . .။

အရာရာကို လက်လျှော့လိုက်တော့မယ်။

ခင် ရှင်သန်ရခြင်းကို လက်လျှော့လိုက်တော့မယ်။

နှာခေါင်းဝကနေ လေပြင်းပြင်းတစ်ချက် မှုတ်ထုတ်လိုက်မိတယ်။

ခင့်ဖြစ်တည်မှုအတွက် ခင် နောင်တမရပါဘူး။ ဒီလောက်နဲ့တင် ခင် ကျေနပ်ပါပြီ။

ဟင်. . . ခင် ကြားနေရတဲ့ အသံတွေ ဘယ်ပျောက်ကုန်တာလဲ။ တဝေါဝေါ တက်လာတဲ့ အသံတွေ ဘယ်ရောက်ကုန်တာလဲ။ ခင် မျက်လုံးကို ပြန်ဖွင့်ဖို့ ကြိုးစားကြည့်ပေမဲ့ မျက်ခွံတို့က အလုပ်မလုပ်တော့။ ဘာတွေ ဖြစ်ကုန်ပြီလဲ။ ဘာတွေ ဖြစ်ကုန်ပြန်တာလဲ။

ခင့်သွေးကြောတွေတစ်လျှောက် အနွေးဓာတ်ကို ခံစားလိုက်ရတယ်။ သွေးတို့ရဲ့ လှုပ်ရှားလှည့်ပတ်ခြင်းက ခင်တစ်ကိုယ်လုံးမှာ ပြန်အလုပ်လုပ်နေကြပြီ။ ရင်ဘတ်ဆီက လှုပ်ခုန်ခြင်းကို ခင် ပြန်ခံစားမိပြီ။ လက်ချောင်းကလေးတွေရဲ့ ရွရွကလေး ရွေ့လျားခြင်း။ ခြေချောင်းကလေးတွေရဲ့ ကားဆန့်ခြင်း။ ခင့်ကိုယ်ထည် ပြန်အသက်ဝင်လာပြီပဲ။ ခင့်မျက်ခွံတွေကလွဲလို့ ကျန်တာအကုန် အလုပ်လုပ်လာကြပြီ။ ခင် ဘာလို့ မြင်လို့ မရသေးတာလဲ။

"ခင်လေးငယ်"

ခင့်နာမည်ကို လူတစ်ယောက် ခေါ်လိုက်တာလား။

နာမည်အပြည့်အစုံကို မေမေကစ မခေါ်တာ ခု ဘယ်သူ ခေါ်နေတာလဲ။

"ခင်လေးငယ်"

ဟော ခေါ်ပြန်ပြီ။

ဘယ်သူလဲ. . .။

ဘယ်သူလဲဟင်. . .။

"ခင်. . . လေး. . . "

နာမည်မဆုံးခင်မှာ ခင့်မျက်လုံးတို့ ရုတ်ချည်း ပွင့်လာခဲ့တယ်။ ပြန်ကားလာတဲ့ အမည်းရောင်ပြင်လဲ မရှိတော့။ တိမ်ကြွေစတွေလဲ မရှိတော့။ ရေခဲပြင်လဲ မရှိတော့။ အချွန်အတက်တွေလဲ မရှိတော့။ နီရဲခြင်းလဲ မရှိတော့။ ဘယ်ရောက်ကုန်ကြပြီလဲ။ ကောင်းကင်ပြင်မှာ ပုစွန်ဆီရောင်တိမ်တွေနဲ့ ပြန်ပြည့်နေပြီ။ ရေပြင်က

mgyoe.com

mgyoe.com SAMPLE BOOK

လဲ ဆက်စီးနေပြီ။ ရေရဲ့ အေးခဲခြင်းမဟုတ်ဘဲ အေးမြခြင်းကို ပြန်ခံစားနေမိပြီ။

အစက ပကတိဖြစ်တည်နေကြတဲ့အတိုင်း ဖြစ်နေခဲ့ကြပြီ။

တော်ပါသေးရဲ့။ ခင့်အတွက် တကယ် တကယ်တော်ပါသေးရဲ့နော်။ ခင် တိမ်စုတိမ်ပွင့်ကြီးတွေကို အားပါးတရ တဝကြီး ငေးလိုက်ပါဦးမယ်။ အရာရာ အေးဆေးသွားပြီပဲလေ။ မဟုတ်ဘူးလား။

ခင့်ကိုယ်ကို ရေအောက်က အရာတစ်ခုက ဆွဲယူလိုက်သလို ခံစားလိုက်ရတယ်။ ကောင်းကင်ပြင်နဲ့ ဝေးဝေးလာခဲ့တယ်။ ကောင်းကင်ကို ရေပြင်ကတစ်ဆင့် ဖြတ်ပြီးပဲ မြင်နေရတော့တယ်။ ဟော. . . တဖြည်းဖြည်း ဝေးလာပြီ။ ဝေးဝေးလာခဲ့ပြီ။ ခင့်ကို ဘယ်ကို ခေါ်သွားနေတာလဲ။ ဘယ်သူကလဲ။ ဘာကလဲ။ အစိမ်းရောင် အမျှင်ပြားတွေက ခင့်မျက်လုံးကို ရစ်ပိတ်လိုက်ကြတယ်။ ပြီးတော့ နှာခေါင်း၊ ပါးစပ်၊ လည်ပင်း၊ ပခုံး၊ ရင်ဘတ်၊ ပြီးတော့ တစ်ကိုယ်လုံး။ ဆွဲယူတဲ့ အလျင်က မြန်သထက် မြန်လာခဲ့တယ်။ ဒီအမြန်နှုန်းနဲ့ ခင့်ကို ဘယ်ခေါ်သွားနေတာလဲဟင်။

ခင့်ကိုယ်က ပေါ့ပါးနေတယ်။

မျက်လုံးတွေကို ဖွင့်ကြည့်မိလိုက်တော့ ပန်းနုရောင် တိမ်မျှင်တွေ တိမ်ဆုပ်လေးတွေ တိမ်စုလေးတွေ တိမ်တိုက်ကြီးတွေ တိမ်စိုင်ကြီးတွေက ခင့်ဘေးပတ်ပတ်လည်မှာ။ လေပြည်အေးအေးလေးလဲ တိုက်နေသေးတာ။ ခင် ကြားဖူးသလောက်တော့ မြေပြင်အထက်ကို မြင့်လာလေလေ လေတိုက်နှုန်းက မြန်လာလေလေပဲ တဲ့။ ခု ခင့်နားက တစ်ချက်တစ်ချက် ဖြတ်ဖြတ်ပြေးသွားတဲ့ လေတိုက်နှုန်းအရဆိုရင် ခင် နေခဲ့ဖူးတဲ့ မြေပြင်မှာ သစ်ရွက်ကလေးတွေတောင် လှုပ်မှာ မဟုတ်။

တိမ်တွေ ရှိနေမှတော့ ဒီနေရာက ကောင်းကင်ပဲပေါ့။ တိမ်တွေက အငွေ့တွေတဲ့။ ဒါဆို ခု ခင် ဒီအငွေ့တွေပေါ်မှာ ခင် လှဲနေရတာပေါ့လေ။ ခင့်ကိုယ်က ဒီလောက်တောင် ပေါ့ပါးနေခဲ့သတဲ့လား။

စကားသံတွေ ကြားဖူးတယ်။ ဘဝမှာ ငှက်မွေးလေးလို ပေါ့ပါးနေလိုက်ချင်တယ်တဲ့။ ငှက်မွေးလေးလို ပေါ့ပါးချင်ခြင်းက လေးလံမှုကို တကယ်ရော ပေါ့ပါးစေရဲ့လားဟင်။ တိမ်တွေလို မပေါ့ပါးချင်ဘူးလား။

လက်လှမ်းမီရာလောက်ပဲ တွေးနေတာထက်စာရင် ခင်တော့လေ တိမ်လေးတွေလိုပဲ ပေါ့ပါးလိုက်ချင်တာ။ ခု ခင် တိမ်လေးတွေထက်တောင် ပေါ့ပါးနေရပြီ။ တိမ်တွေပေါ်မှာ ခင် လှဲနေရပြီ။ လှဲနေနိုင်ပြီ။ ခင့်ပါးကို တိုးတိုက်သွားတဲ့ တိမ်ငွေ့လေးတွေက ပါးပြင်ထဲ စိမ့်ဝင်သွားသယောင်။ အာတာပူစီကို လျှာပေါ်

mgyoe.com SAMPLE BOOK

တင်လိုက်ရသလို။

ဟောဟိုနားမှာ ဘဲရုပ်လေးပါလား။

ဟောဟိုနားက ဆင်ရုပ်လေး။

ဟိုနားက သစ်ပင်လေး။ ခု ခင် ထိုင်နေတဲ့ တိမ်ထုနဲ့ တစ်ခုန်စာပဲဆိုတော့ ခင် အဲဒီဘက်ကို ကူးလိုက်ဦးမှ။

အဲ. . . ဟိုဘက်မှာက ဝေလငါးတိမ်ထုပဲ။ ကူးလိုက်ဦးမှ။ ခင် ဘေးနားက တိမ်ထုကြီးဆီက တိမ်တစ်ပိုက်ကို ဖွဲ့ပွေ့လိုက်တယ်။ တိမ်တစ်ဆုပ်စီ တစ်ဆုပ်စီကို ဖွဲ့ဖွဲ့ယူပြီး တစ်လှမ်းစာစီ တစ်ခုချင်း ချချပြီး ကူးလာလိုက်တယ်။ ဝေလငါးကြီးရဲ့ ခေါင်းပေါ်မှာ ခင် အားပါးတရ ထိုင်ချလိုက်တယ်။ ဒီဝေလငါးကြီးပေါ်ကနေ ကောင်းကင်ပင်လယ်ကြီးကို အပေါ်စီးမြင်ကွင်းနဲ့ ထင်ထင်ရှားရှား ကျယ်ကျယ်ပြန့်ပြန့် ပွင့်ပွင့်လင်းလင်း မြင်နေရတယ်။

တိမ်တွေက အငြိမ်မနေကြ။ ဟိုကနေ ဒီ၊ ဒီကနေ ဟိုကို ကူးလူးပျံ့လွင့်နေကြတာ။

တိမ်တွေ ခပ်ဖြည်းဖြည်း ခပ်အေးအေး လွင့်မျောနေချိန်မှာ ခင် ထိုင်နေတဲ့ ဝေလငါးကြီးဆီက တိမ်တစ်ဆုပ်ကို ယူလိုက်ပြီး ခွေးပေါက်လေးပုံစံရှိတဲ့ တိမ်စိုင်လေးတစ်ခုကို လှမ်းပစ်လိုက်တယ်။ တိမ်စိုင်လေးက လွင့်နေရာကနေ ရပ်သွားတယ်။ သူဦးတည်ရာက ခင် ရပ်နေရာနဲ့ ဆန့်ကျင်ဘက်ဆိုပေမဲ့ အခု ခင့်ဘက်ကို သူ ပြန်လှည့်လာတယ်။ ပန်းနုရောင်ကနေ တဖြည်းဖြည်း အရောင်ရင့်လာခဲ့တယ်။ ခြေလက်လေးတွေကနေ အမည်းရောင်ခပ်ပုတ်ပုတ် စစွဲလာခဲ့တယ်။ ခင့်နား သူ ဆက်တိုက်ပြေးလာခဲ့တာ။ အရောင်ကလဲ တစ်ကိုယ်လုံး နီးပါး အမည်းဘက် ပြောင်းလာခဲ့တာ ခင့်ခြောက်လှမ်းစာလောက်မှာ အမည်းလုံးလုံး ပြောင်းသွားခဲ့ပြီ။ ခွေးမည်းပေါက်လေးပုံစံ ဒီတိမ်စိုင်က ခင့်ကို အဟုန်ပြင်းပြင်းနဲ့ ဝင်တိုက်လိုက်တယ်။ ခင် ယိုင်သွားတယ်။ ဆုပ်ကိုင်လိုက်စရာ တစ်ခုမှ မရှိတော့ ခင် ဟန်ချက်ပျက်ပြီး ဝေလငါးတိမ်ထုကြီးပေါ် လဲကျသွားရတယ်။

ခင် ပြန်မထလေးခင်မှာပဲ မိုးချုန်းသံကျယ်ကြီး ဟိန်းထွက်လာခဲ့ပြီး အခက်အလက်တွေ များယှက်နေတဲ့ လျှပ်စီးတန်းကြီးတစ်ခု လက်သွားခဲ့တယ်။ ခင် ရောက်နေရာ တိမ်ဝန်းကျင်တစ်ခုလုံး ထိန်ထိန်လင်းသွားပြီးတဲ့နောက် မည်းမည်းမှောင်ကျသွားခဲ့ပြီ။ ခင် ရပ်နေရာ တိမ်ထုကြီးကို ခင် မခံစားမိတော့။ ဗလာကျင်းနေတဲ့ ပြင်ကြီးထဲ ခင် ရောက်နေရပြန်ပြီလား။

mgyoe.com

mgyoe.com SAMPLE BOOK

ခင့်ကို တစ်ယောက်ယောက်က လှုပ်နှိုးနေသလိုပဲ။

ဘယ်သူလဲ. . .။

ဘယ်သူ လှုပ်နှိုးနေတာလဲ. . .။

ခင့်မျက်လုံးအစုံကို ကြိုးစားဖွင့်ကြည့်တယ်။ အာရုံထဲ ခပ်ရေးရေး မြင်ရတယ်။

မေမေလား. . .။

မေမေလားဟင်. . .။

ခင့်မေမေလား. . .။

ခင့်နှုတ်ကနေ မေမေ လို့ ညည်းလိုက်မိတယ်။

မေမေ လို့ ထင်မိတဲ့ အမျိုးသမီးတစ်ဦးရဲ့ ပွေ့ဖက်ခေါ်ယူမှုနောက် ငြင်းဆန်တွန်းကန်ခြင်းမရှိဘဲ ခင် အသာအယာ လိုက်ပါလာခဲ့မိတယ်။ ရုန်းမယ်ဆိုလဲ ခင့်မှာ ရုန်းဖို့ ခွန်အားတွေမှ မရှိတော့ဘဲ။ တစ်ကိုယ်လုံး နုံးချည့်နေပြီး ခင့်အသားတွေ အေးစက်နေခဲ့တာ။

ခင့်ကို အိမ်တစ်အိမ်ဆီ ပွေ့ခေါ်လာတာကိုပဲ ခင် သိတယ်။ ကျန်တာတွေ အာရုံထဲ မရ။ ခင့်ကို အထိုင်အခင်းတစ်ခုအပေါ် အသာအယာချပြီး ခေါင်းအုံးကလေးကို ခင့်ခေါင်းအောက်မှာ အသာအယာ ထားပေးတယ်။ ပြီးတော့ ခင့်နဖူးပေါ် အေးစက်စက် အဝတ်တစ်ခုကို တင်ပေးသလို အထိအတွေ့ကို သတိထားမိတယ်။ ခင့်ရင်ဘတ်နားလေးထိလဲ စောင်ခြုံပေးလိုက်တယ်လို့ ထင်တာပဲ။

"ဝုန်း"

တစ်ခုခု ဒါမှမဟုတ် တစ်ယောက်ယောက် လဲကျသွားတဲ့ အသံ။ ခင် ထလိုက်တယ်။ အကြောခပ်ရှည်ရှည် ဆန့်ပြီး ထိုင်လိုက်တယ်။

နေ့ခင်း ၁ နာရီထိုးသံကို ကြားလိုက်ရတယ်။

ပြတင်းပေါက်နားမှာ လူတစ်ယောက် ရပ်နေတာပဲ။ ဘယ်သူလဲ။ ဘယ်သူ ရပ်နေတာလဲ။ ဒီအရပ်အမောင်းမြင့်မြင့်၊ ဒီပခုံးကျယ်ကျယ်၊ ဒီခပ်တိုတိုဆံပင်၊ ဒီဝါညစ်ရောင်တီရှပ်၊ ဒီဂျင်းအပြာမှိုင်းမှိုင်း၊ ဒီခြေညှပ် ဖိနပ်။ ဒီအသွင်အပြင်ကို ခင် မြင်ဖူးတယ်။ ခင် ကောင်းကောင်းကြီး သိနေတယ်။

ဖေဖေပဲ။

ဟုတ်ပါတယ်၊ ဖေဖေမှ ဖေဖေပဲ. . .။

ဖေဖေ ပြတင်းပေါက်နားမှာ ဘာရပ်လုပ်နေတာပါလိမ့်. . .။

mgyoe.com

mgyoe.com SAMPLE BOOK

ခင် အခန်းထဲကို တစ်ချက်ဝေ့ကြည့်လိုက်တယ်။

ဟင် ဒါ အရင်က ခင်တို့နေခဲ့တဲ့ အိမ်က ခင့်အခန်းလေး. . .။

ခင် အကြိုက်ဆုံး မိုးပြာရောင်လေး ဆေးသုတ်ပေးထားတဲ့ အဝတ်ဗီရိုလေး. . .။

ခင် စာကြည့်ဖို့ ဖေဖေနဲ့တူတူ ပရိဘောဂဆိုင်ကို သွားဝယ်ထားတဲ့ စာကြည့်စားပွဲလေး. . .။

ပြတင်းပေါက်မှာလဲ မိုးပြာရောင် ခန်းဆီးလိုက်ကာလေးတွေနဲ့. . .။

ဖေဖေ ပြတင်းပေါက်အပြင်က ဘာကို လှမ်းကြည့်တာလဲ. . .။

ခင် ဖေဖေ့နား ခပ်ဖြည်းဖြည်း လျှောက်သွားပြီး ဖေဖေ ကြည့်နေတာကို လိုက်စူးစမ်းမိတယ်။

အခန်းပြတင်းပေါက်နားက အပင်ကို နှုတ်သီးနဲ့ တတောက်တောက် တောက်နေတဲ့ သစ်တောက်ငှက်ကလေး. . .။

"ဖေဖေ ဘာတွေ ကြည့်နေတာလဲ"

ခင် နောက်နားကနေ လှမ်းမေးမိတယ်။ ဖေဖေ ပြန်မဖြေ။ ကြည့်နေရာ မြင်ကွင်းကိုပဲ စူးစူးစိုက်စိုက် ကြည့်နေတာ။

"ဖေဖေ ဘာတွေ ကြည့်နေတာလဲ။ ခင့်ကိုလဲ ပြပါဦး"

ဖေဖေက ခင့်ကို မေးတစ်ချက်ဆတ်ပြီး ပြတယ်။

ခင် လှမ်းကြည့်လိုက်တော့ အမျိုးသမီးတစ်ဦး အနီရောင်နှင်းဆီတွေ လှိုင်လှိုင်ပွင့်နေတာကို တစ်ပွင့်ချင်း တယုတယ ကိုင်ကြည့်နေတာကို တွေ့ရတယ်။ တစ်ခါတစ်ခါ နှင်းဆီပွင့်လေးတွေကို နမ်းကြည့်လိုက်သေးတာ။ ခဏနေတော့ အဲဒီအမျိုးသမီးက အိမ်ထဲ ဝင်တော့မဲ့ဟန်နဲ့ ဒီဘက်လှည့်လာတယ်။ လက်ထဲမှာ ပန်းတစ်ပွင့် ကိုင်ထားသေးတယ်။

ဟင်. . .။

မေမေပါလား. . .။

မေမေ့လက်ထဲမှာ ကတ်ကြေးတစ်လက်နဲ့. . .။

လက်တစ်ဖက်မှာလဲ နှင်းဆီနီတစ်ပွင့်. . .။

ကတ်ကြေးမှာ အနီရောင်အစက်စိုစိုတွေ စွန်းနေတယ်။ နှင်းဆီရိုးမှာလဲ အနီရောင်အစက်တွေက တစက်စက်ကျလို့။ မေမေ့မျက်ဝန်းတွေက နူးညံ့သိမ့်မွေ့နေဟန်မပေါ်။ ခက်ထန်မာကျောနေခဲ့တာ။

mgyoe.com

mgyoe.com SAMPLE BOOK

မေမေ အိမ်ထဲကို ဖြည်းဖြည်းချင်း လျှောက်လာနေတယ်။ သိပ်မကြာလိုက်ပါဘူး။ ခင့်အခန်းတံခါးကို ဖွင့်ပြီး အခန်းထဲ ဝင်လာတယ်။

မေမေ ဝင်လာတာကို ဖေဖေ သတိပြုမိပုံမပေါ်ဘူး။ ဖေဖေက နှင်းဆီပင်ရှိရာဘက်ကိုပဲ ဆက်ကြည့်နေခဲ့တာ။

ခင် မေမေ့ကို အပြုံးကလေးနဲ့ ကြိုမိတယ်။ မေမေက နှင်းဆီပန်း လှမ်းပေးတော့ ခင် ယူပြီး စာကြည့် စားပွဲပေါ်က ပန်းအိုးထဲ သွားထည့်လိုက်တယ်။ အဲဒီအချိန်လေးအတွင်းမှာပဲ မေမေက ဖေဖေ့ဆီ တည့်တည့်မတ်မတ် လျှောက်သွားပြီး ဖေဖေ့နောက်ကျောအပေါ်ပိုင်းကို ကတ်ကြေးနဲ့ ထိုးလိုက်တာ။

ဘုရားရေ. . . ။

မေမေ. . . ။

မေမေ ဘာလုပ်လိုက်တာလဲ. . . ။

မေမေ ဘာလုပ်လိုက်တာလဲ လို့. . . ။

ခင် အော်လိုက်မိတယ်။ စကားလုံးတွေက လည်ချောင်းထဲကနေ ထွက်မလာဘဲ စိတ်ထဲမှာပဲ ကျယ်လောင်မြည်ဟည်းသွားကြတယ်။

ခင် မှင်သက်နေခဲ့တာ။ ရပ်နေရာကနေ တလှုပ်ကလေးမှ မလှုပ်မိဘဲ ဖြစ်ပျက်နေတဲ့ မြင်ကွင်းဆီမှာ ကြက်သေသေနေခဲ့တာ။

ဖေဖေက တုတ်တုတ်မှ မလှုပ်။ နောက်ကျောက ကတ်ကြေးစိုက်ရာကနေ သွေးတို့ စီးကျနေခဲ့တယ်။ ကျောပြင်တစ်ခုလုံး ရဲနီလို့။ ဒါလဲ တုတ်တုတ်မှ မလှုပ်။ ကြည့်မြဲ ဆက်ကြည့်နေခဲ့တယ်။

တန့်ရပ်နေတဲ့ ခြေအစုံကို မရရအောင် ရုန်းထွက်ပြီး မေမေ့ကို ခင် လှမ်းဆွဲလိုက်တော့ မေမေက အငွေ့အသက်တစ်ခုလို လွင့်မျောပျောက်ကွယ်သွားခဲ့ပြန်တာ။

ဖေဖေရော. . . ။

ဖေဖေရာ အဆင်ပြေရဲ့လား. . . ။

ဖေဖေ့ကို ဘာများ ဖြစ်သွားသေးလဲ လို့ ခင် သေချာကြည့်မိတယ်။ ဖေဖေ့မှာ ဒဏ်ရာဒဏ်ချက်ရယ်လို့ ဘာမှ မတွေ့မိ။

ဟင်. . . ခုလေးတင် ခင် မြင်လိုက်တဲ့ ဒဏ်ရာတွေ၊ သွေးတွေရော ဘယ်ပျောက်သွားတာလဲ။

နေ့ခင်း ၁ နာရီထိုးသံကို ကြားလိုက်ရတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဖေဖေ ကြည့်ရာကို ခင် လိုက်ပြီး ထပ်ကြည့်လိုက်တယ်။ ခုနက မြင်ကွင်း အတိုင်းပဲ။ အမျိုးသမီးတစ်ဦး အနီရောင်နှင်းဆီတွေ လှိုင်လှိုင်ပွင့်နေတာကို တစ်ပွင့်ချင်း တယုတယ ကိုင်ကြည့်နေခဲ့တာ။ တစ်ခါတစ်ခါ နှင်းဆီပွင့်လေးတွေကို နမ်းကြည့်လိုက်သေးတာ။

ခဏနေတော့ အဲဒီအမျိုးသမီးက အိမ်ထဲ ဝင်တော့မဲ့ဟန်နဲ့ ဒီဘက် လှည့်လာတယ်။ မေမေပဲ။ ခုနကလိုပဲ မေမေ့လက်ထဲမှာ ကတ်ကြေးတစ်လက်နဲ့။ လက်တစ်ဖက်မှာလဲ နှင်းဆီနီနှစ်ပွင့်။ ကတ်ကြေးမှာ အနီရောင်အစက်စိုစိုတွေ စွန်းနေတာပဲ။ နှင်းဆီရိုးမှာလဲ အနီရောင်အစက်တွေက တစက်စက်ကျလို့။ မေမေ့ မျက်ဝန်းတွေက နူးညံ့သိမ့်မွေ့နေဆဲ။ ခက်ထန်မာကျောနေဆဲ။

မေမေ အိမ်ထဲကို ဖြည်းဖြည်းချင်း လျှောက်လာနေတယ်။ ဒီတစ်ခေါက်လဲ သိပ်မကြာလိုက်ပြန်ဘူး။ ခင့်အခန်းတံခါးကို ဖွင့်ပြီး အခန်းထဲ ဝင်လာတယ်။

မေမေ ဝင်လာတာကို ခုတစ်ခေါက်လဲ ဖေဖေ သတိမပြုမိပြန်ပေါ်ဘူး။ ဖေဖေက နှင်းဆီပင်ရှိရာဘက်ကိုပဲ ဆက်ကြည့်နေခဲ့တာ။

ဒီတစ်ခေါက်တော့ ခင် မြင်ခဲ့ပြီးသလို မဖြစ်လောက်ဘူးလို့ ခင် ထင်မိတယ်။ အရင်တစ်ခေါက်က ခင် ယောင်ယောင်မှားမှားနဲ့ ထင်ချင်ရာထင် မြင်ချင်ရာ မြင်နေတာ။ ဟုတ်တယ်။ ပုံရိပ်မှားတွေပဲ။

ခင် မေမေ့ကို ဒီတစ်ခေါက်လဲ အပြုံးကလေးနဲ့ ကြိုမိတယ်။ မေမေ့ခါးကိုတောင် အားပါးတရ မှီနွဲ့ပြီး ဖက်လိုက်သေးတာ။ မေမေက နှင်းဆီပန်းတွေကို လှမ်းပေးတော့ ခင် ယူပြီး စာကြည့်စားပွဲပေါ်က ပန်းအိုးထဲ သွားထည့်လိုက်တယ်။ မေမေက ခင့်ကို နှစ်လိုစွာ ပြုံးပြတယ်။ အရည်လဲ့နေတဲ့ မျက်ဝန်းနက်နက်ဝိုင်းဝိုင်းလေးတွေက တကယ် နွေးထွေးနေတုန်းပဲ။

ခင် မေမေ့နား လျှောက်လာခဲ့တယ်။

မေမေက ဖေဖေ့နောက်နားမှာ ရပ်နေခဲ့တာ။ ခင့်ကို ပြုံးပြပြီး ခင် လျှောက်လာတုန်း ခဏလေးအတွင်းမှာ ဖေဖေ့ဘက် ပြန်လှည့်သွားတယ်။ ပြီးတော့ လက်တစ်ဖက်ကို ဖေဖေ့ကျောဘက်ကို အရှိန်နဲ့ ကပ်လိုက်တယ်။

"မေမေရေ ခင်တို့. . .။

ဘုရားရေ. . .။

မေမေ. . .။

မေမေ ဘာလုပ်လိုက်တာလဲ. . .။

mgyoe.com

mgyoe.com SAMPLE BOOK

မေမေ ဘာလုပ်လိုက်တာလဲ လို့. . . ။

ခင် အော်လိုက်မိတယ်။ ဒီတစ်ခေါက်လဲ စကားလုံးတွေက လည်ချောင်းထဲကနေ ထွက်မလာဘဲ စိတ်ထဲမှာပဲ ကျယ်လောင်မြည်ဟည်းသွားကြပြန်တယ်။ ရပ်နေရာကနေ တလှုပ်ကလေးမှ မလှုပ်မိဘဲ ဖြစ်ပျက်နေတဲ့ မြင်ကွင်းဆီမှာ ကြက်သေသေနေခဲ့ပြန်တာ။

ဖေဖေ့နောက်ကျောက ကတ်ကြေးစိုက်ရာကနေ သွေးတွေ စီးကျနေခဲ့ပြန်ပြီ။ ကျောပြင်တစ်ခုလုံး ရဲနီနေပြန်ပြီ။ ခုလဲ တုတ်တုတ်မှ မလှုပ်ပြန်ဘူး။ ကြည့်မြဲဆက်ကြည့်နေခဲ့ပြန်ပြီ။

တန့်ရပ်နေတဲ့ ခြေအစုံကို ရုန်းထွက်ပြီး မေမေ့ကို လှမ်းဆွဲလိုက်တော့ မေမေက အငွေ့အသက်တစ်ခုလို လွင့်မျောပျောက်ကွယ်သွားခဲ့ပြန်ပြီ။

ဖေဖေ့ကို ဘာများ ဖြစ်သွားသေးလဲလို့ ခင် သေချာကြည့်မိတော့လဲ ဖေဖေ့မှာ ဒဏ်ရာဒဏ်ချက်ရယ်လို့ ဘာမှ မတွေ့မိပြန်ဘူး။

နေ့ခင်း ၁ နာရီထိုးသံကို ကြားလိုက်ရပြန်တယ်။

ဟင်. . . ။

ဒါက ဖြစ်ပျက်စရာဆုံးရာ မရှိတဲ့ စက်ဝန်းတစ်ခုလား. . . ။

ခင် ဒီဖြစ်ရပ်ကို ထပ်တလဲလဲ မြင်ရတွေ့နေရတယ်။ ခင် မေမေ့ကို နှစ်ကြိမ်လုံး မတားနိုင်ခဲ့။ သုံးကြိမ် မြောက်လဲ ထပ်ကြုံရပြန်တယ်။ ထပ်မတားနိုင်ခဲ့ပြန်ဘူး။

အခု လေးကြိမ်မြောက်။ ဒီတစ်ခေါက် ခင် ဖေဖေ့အနားကပ်ပြီး ဖေဖေ့မျက်နှာပြင်ကို ကြည့်မိတယ်။

ဖေဖေ့ဆီမှာ ဒေါသမာန်ပြည့်နေတဲ့ မျက်လုံးတွေနဲ့။ ခင် ကြည့်နေရင်းမှာပဲ ဖေဖေ့မျက်ဝန်းတွေက ဝမ်းနည်းပင်ပန်းဟန် ညှိုးငယ်နွမ်းလျသွားပြန်တယ်။

မေမေ့လက်ထဲမှာ ကတ်ကြေးပါမလာတော့။ မေမေက ခင့်ကို ခေါ်ပြီး ခုတင်ပေါ်မှာ တစောင်းထိုင်ပြီး ခင်ခေါင်းကို ခပ်ဖွဖွပုတ်ပေးတယ်။

စက်ဝိုင်းမှာ ဒီတစ်ခေါက် ပြောင်းလဲခြင်းတွေ စတင်လာခဲ့ပြီလား. . . ။

ဖေဖေက ဒီဘက်ကို လှည့်လာပြီး ခင်တို့ဆီ လျှောက်လာခဲ့တယ်။

"မင်း. . . မင်း။ ဒီအိမ်က ထွက်သွား။ နောက် ဘယ်တော့မှ ပြန်မလာခဲ့နဲ့"

မေမေက ခွန်းတုံ့ပြန်ပြောခြင်း တစ်ခွန်းတစ်ပါဒမှ မရှိ။ နှုတ်ခမ်းကို တင်းတင်းစေ့ပြီး ခင့်နားက ရုတ်တရက်ပဲ ထထွက်သွားတယ်။

mgyoe.com